၁ ၉ ၉ ၁ ခု နှစ် တွင် တည် ထောင် သည်။

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)**

# မြို့တော်သတင်း

# The CITY NEWS

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ အတွဲ (၃၄)၊ အမှတ် (၁၄၇) FRI, 18 April, 2025

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဆရာတော်ကြီးများ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာ ရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပရိတ်တရားတော်နာ ရွတ်ဖတ်ပူဇော်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သန်လျင်မြို့နယ်၊ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ ပရိတ်ရေ၊ ပရိတ်ပန်းများ ဆက်ကပ်ပြီး ရွတ်ပွားသရဇ္ဈာယ်အပ်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ

(စာ ၄ သို့)



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဆရာတော်ကြီးများ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်စဉ်။

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ် ဘိုးဘွားရိပ်သာများ ကြည့်ရှုအားပေးကာ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း



**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများအား သွားရောက်ကြည့်ရှုအားပေးကာ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်၊ ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ဘိုးဘွားရိပ်သာအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေနှင့် ဆန် ခြောက်အိတ်၊ ဆီ ၂၅ ပိဿာနှင့် ကွေကာအုပ်တို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာရှိ အဘိုး ရှစ်ဦးနှင့် အဘွား ၁၇ ဦး စုစုပေါင်း ၂၅ ဦးတို့အား အလှူငွေနှင့် ပစ္စည်းများကို ဘိုးဘွား တစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။ (စာ ၄ သို့)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ မှော်ဘီမြို့နယ်၊ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ အလှူငွေပေးအပ်စဉ်။

မြို့တော်သတင်း The CITY NEWS

# အယ်ဒီတာ့အာဘော်

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

၁၈ - ၄ - ၂၀၂၅

## လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး

ဘင်္ဂလားပင်လယ်အော်တွင် ဧပြီလမှ မေလအတွင်း မုန်တိုင်းရာသီအစ ဖြစ်သည်။ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း အပူပျံ့တက်မှု အားကောင်းခြင်းများကြောင့်လည်းကောင်း မြန်မာနိုင်ငံအနှံ့တွင် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်သည်ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ချက်များ ထုတ်ပြန်အကြံပြုလျက်ရှိသည်။

အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်အသုံးပြုသူများ သတိပြုလိုက်နာရမည့် အချက်အလက်များကို အသိပေးထားသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ခ်ဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားပမာဏ ပိုမိုလွန်ကဲစွာ ဖြစ်ပေါ်ခြင်းနှင့် ချို့ယွင်းပျက်စီးနေသော လျှပ်စစ်ကိရိယာများ သုံးစွဲခြင်းမှ အပူနှင့် မီးပွားများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားခြင်း၊ စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝါယာကြိုးများ သုံးစွဲခြင်း၊ မီးအားမြင့်စက် သုံးစွဲပါက အတင်/အချ သတိပြုရန်နှင့် မီးအားထိန်းကိရိယာ ချို့ယွင်းပါက လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်ပစ္စည်းများကို တပ်ဆင်သုံးစွဲရာတွင် မီးဒဏ်ခံနိုင်သောနေရာတွင် တပ်ဆင်ရန်နှင့် မီးလောင်လွယ်သောပစ္စည်းများ အနီးတွင် မထားရန်လိုအပ်သည်။

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် ပေါ့ဆမှု၊ အန္တရာယ်ရှိသော ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများအနီး ရောက်ရှိမှုကြောင့် ဒဏ်ရာရရှိမှု၊ ဓာတ်လိုက်သေဆုံးမှု ကင်းဝေးစေရေး သတိပြုရှောင်ရှားရမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် ဟောင်းနွမ်းနေသော လျှပ်စစ်ကြိုးများကို လဲလှယ်ခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုးများ သတ်မှတ်သည့် စံနှုန်းအတိုင်းတပ်ဆင်ရန်နှင့် ခံနိုင်အားထက် ပိုမထည့်သွင်းရန်၊ လျှပ်စစ်မီးဖို၊ မီးပူများ သုံးစွဲပြီးလျှင်၊ မီးပျက်လျှင် ခလုတ်ပိတ်ပြီးမှ ပလပ်ခေါင်းဖြုတ်ရန်၊ ဝါယာရှော့ခ်ဖြစ်ပါက ပင်မ မိန်းခလုတ်ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စတို့ဖြင့် ရိုက်နှက်ဖုံးအုပ်ငြိမ်းသတ်ရန်၊ ချို့ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးစွဲရန် လျှပ်စစ်အသုံးပြုသူများ သတိပြုလိုက်နာရမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် ဆင်ခြင်လိုက်နာပူးပေါင်းကူညီရန် အသိပေးနှိုးဆော်ရပါကြောင်း။ ။

# တတိယအကြိမ် နှစ်ဦးသက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်၊ ဧပြီ ၁၈**

မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဗိုလ်တထောင်ခရိုင် စီမံ အုပ်ချုပ်ရေးအဖွဲ့မှ ဦးစီးကျင်းပသည့် တတိယအကြိမ် နှစ်ဦး သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် ငါးမြို့နယ်မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သက်ကြီးအဘိုးအဘွားများ စုစုပေါင်းအင်အား ၁၃၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး အဘိုးအဘွားများအား အာဟာရဒါနများ ကျွေးမွေးခြင်း၊ ပူဇော်ကန်တော့ခြင်း၊ အလှူငွေနှင့် လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်းကြောင်း သိရသည်။

ထို့နောက် အဘိုးအဘွားများကလည်း ပြန်လည်၍ နှစ်ဦးဆုတောင်း



စကားများ ပြောကြားပေးကြောင်းသိရသည်။

**မြတ်ဖူးခင်(ပြန်/ဆက်)**

# ကြက်ဥများ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချ



**ရန်ကုန်၊ ဧပြီ ၁၈**

မြောက်ဥက္ကလာပမြို့နယ်၌ အများပြည်သူများသို့ ဈေးနှုန်းချိုသာစွာဖြင့် ကြက်ဥများကို မြို့နယ်အတွင်း သတ်မှတ်နေရာများတွင် ဧပြီ ၁၆ ရက်က ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် ကြက်ဥတစ်လုံးလျှင် ၁၆၅ ကျပ်နှုန်း ဖြင့် ကြက်ဥ အလုံးရေ ၁၀၅၀၀ လုံးအား မြို့နယ်အတွင်းရှိ (၈) ရပ်ကွက်၊ ဘုမ္မာလမ်း၊ ရွှေပေါက်ကံ/၁၄ ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ (ည) ရပ်ကွက်၊ ခေမာကျောင်းလမ်း ရပ်ကွက်များအလိုက် တာဝန်ရှိသူများက စနစ်တကျ ဖြန့်ဝေရောင်းချပေးရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးဝန်ထမ်းများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

# မန်ချက်စတာယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားမည့် Asean All Stars အသင်းတွင် မောင်မောင်လွင် ရွေးချယ်ခံရ

**ရန်ကုန်၊ ဧပြီ ၁၈**

အင်္ဂလန် နာမည်ကြီးကလပ် မန်ချက်စတာယူနိုက်တက် အသင်းနှင့် ခြေစမ်းပွဲကစားမည့် Asean All Stars အသင်းတွင် မြန်မာ့လက်ရွေးစင် တိုက်စစ်ကစားသမား မောင်မောင်လွင် ရွေးချယ်ခံရသည်။

Asean All Stars အသင်းနှင့် မန်ချက်စတာယူနိုက်တက် အသင်းသည် မေ ၂၈ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အဖွဲ့ဝင် ၁၂ နိုင်ငံမှ ကစားသမားများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

တစ်နိုင်ငံလျှင် အနည်းဆုံး တစ်ဦးမှ အများဆုံး သုံးဦးအထိ ရွေးချယ်မည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မောင်မောင်လွင်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မောင်မောင်လွင် အနေဖြင့် နာမည်ကြီး မန်ချက်စတာယူနိုက်တက်အသင်းကို ပြိုင်ဘက်အဖြစ် ရင်ဆိုင်ခွင့်ရမည့်အပြင် ကမ္ဘာကျော်ဘောလုံးသမားများနှင့်လည်း ကစားခွင့်ရရှိမည်ဖြစ်သည်။

မောင်မောင်လွင်သည် ထိုင်းလိဂ်-၁ ကလပ် လမ်ဖွန်ဝါရီယာ အသင်းတွင် ကစားနေသူဖြစ်ပြီး ၂၀၁၅ ခုနှစ်ကတည်းက မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသူဖြစ်သည်။ **AMH**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆၃၆ သိန်း ထုတ်ချေးပြီးစီး

**ရန်ကုန်၊ ဧပြီ ၁၈**

မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အင်းတန်ကျေးရွာ၊ ပသီ (၄က်ပျောတော)ကျေးရွာ၊ သဲဖြူကျေးရွာ၊ သာယာကုန်းရွာသစ်ကျေးရွာ၊ ဝါးဖြူတောကျေးရွာ၊ နတ်ရဲကွင်းကျေးရွာ၊ ပျော်ပွယ်စုကျေးရွာနှင့် စွယ်တောကုန်းကျေးရွာ စုစုပေါင်း ကျေးရွာ ရှစ်ရွာ၌ ရန်ပုံငွေကျပ်သိန်းပေါင်း ၃၆၃၆ သိန်းကို ဧပြီ တတိယပတ်က ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများကို မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာများအရောက် မြေပြင်ကွင်းဆင်း၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၄၄ ဦးအား ငွေကျပ် ၁၄၅၃ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၃၉ ဦးအား ငွေကျပ် ၉၇၂ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၉၆ ဦးအား ငွေကျပ် ၆၃၀ သိန်း၊ အသက် မွေးဝမ်းကျောင်းလုပ်ကိုင်သူ ၁၈၃ ဦးအား ငွေကျပ် ၅၈၁သိန်း စုစုပေါင်း ၉၅၂ ဦးတို့အား စီမံကိန်းရန်ပုံငွေကျပ် ၃၆၃၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြသည်။ **စိန်လွင်(ကျေးလက်)**

## မြို့တော်သတင်း

**ထုတ်ဝေသူ** – ဦးဇော်မင်းအောင်
ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
**မြ (၀၀၆၉၉)**

**အမှုဆောင်အရာရှိ** – ဦးစောလှဦး
ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)

**အယ်ဒီတာချုပ်** – မြတ်စိုး (လှိုင်)
**တာဝန်ခံအယ်ဒီတာ** – မောင်မောင်လွင်
**အယ်ဒီတာများ** – ထားထားဝင်းနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** – မြင့်ဦးဆွေနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဝါဝါပွင့်နှင့်အဖွဲ့

**သတင်းထောက်ချုပ်** – စောသိန်းဝင်း(မြို့တော်သတင်း)
**အကြီးတန်းသတင်းထောက်** – အောင်မြင့်ဌေး၊ မိုးဝေ
**အငယ်တန်းသတင်းထောက်** – ရဲနန္ဒာလင်းမြင့်၊ မိုးမြင့်မောင်၊ သွင်မောင်မောင်၊
**ဓာတ်ပုံသတင်းထောက်** – ရွှေဝင်း၊ စောလှိုင်ဝင်း၊ ကျော်သူထက်

**ပုံနှိပ်**– သိန်းဦးနှင့်အဖွဲ့၊ **ဖြန့်ချိရေး**– ကျော်စိုးသူနှင့်အဖွဲ့၊ **မြို့တော်ပုံနှိပ်တိုက် (မြ) ၀၀၅၈၃**

**မြို့တော်သတင်းစာတိုက်၊ ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြို့တော်သတင်းစာ တယ်လီဖုန်းအမှတ် ၀၁-၇၅၀၃၆၂၆, yangoncitynews@gmail.com**



၁၃၈၇ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက် ၂၀၂၅ခုနှစ်၊ မေ ၁၇ ရက် ညနေပိုင်းက မြို့တော်စည်ပင်ဝန်ထမ်းအိမ်ရာ(ကံဘဲ့)ဝင်းရှိ အေးငြိမ်းချမ်းသာမွှောရုံ၌ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ထံမှ ဝန်ထမ်းမိသားစုဝင်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြစဉ်။

အောင်မြင့်ဌေး(မြို့တော်သတင်း)

# သန်လျင်မြို့နယ်တွင် နှစ်ဦးအကြို သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် မေ ၁၈**

သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ကျင်းပသော နှစ်ဦးအကြို သက်ကြီးပူဇော်ကန်တော့ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့က သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက်ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က နှစ်ဦးအကြို နှုတ်ခွန်းဆက်ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်ဦးအကြို အသက် ၇၅နှစ် အထက် အဘိုးအဘွား ၁၀၂ ဦးတို့အား သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးစိုး



တင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ကန်တော့အလှူငွေများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံ အဘိုး၊ အဘွားများ(ကိုယ်စား) အဘွား ဒေါ်မြင့်သန်းက ဝမ်းမြောက်ဆုပေးစကားပြောကြားကြောင်း သိရသည်။

**ဖြိုးသီဟ (ပြန်/ဆက်)**

# ဆိပ်ကြီးခနောင်တိုမြို့နယ်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ



**ရန်ကုန် မေ ၁၈**

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ မြန်မာနှစ်သစ်ကူးအခါသမယတွင် မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ကျင်းပသည်။

ထိုသို့ ပူဇော်ကန်တော့ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်လိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အဘိုး၊ အဘွားများအား ကန်တော့ချီးဖြင့်ပူဇော်ကန်တော့ကြပြီး အဘိုး၊ အဘွားတစ်ဦးလျှင် လှူဒါန်းငွေကျပ်နှစ်သောင်း၊ ဆေးပစ္စည်းလှူဒါန်းခြင်း၊အာဟာရကျွေးမွေးခြင်းတို့ ဆောင်ရွက်ကြပြီး အဘိုး၊ အဘွား ၉၃ ဦးအတွက် လှူဒါန်းငွေ၊ ဆေးပစ္စည်း၊ အာဟာရကျွေးမွေးခြင်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၃၃၀၀၀၀ ကို ပူဇော်ကန်တော့ခဲ့ကြသည်။

အဆိုပါ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်လိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြောင်း သိရသည်။

**ဝေယံ (IPRD)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ



**ရန်ကုန် မေ ၁၈**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သတ္တဝါများအား ဇီဝိတဒါနလွှတ်ပေးခြင်းဖြင့် ပြည်သူများဘေးအန္တရာယ်ကင်းစေရန် မြန်မာနှစ်ဆန်းတစ်ရက် မေ ၁၇ ရက်တွင် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ငမိုးရိပ်ရေထိန်းတံခါး၌ ကျင်းပသည်။

ငါးလွှတ်ပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ငမိုးရိပ်ရေထိန်းတံခါး၊ ငမိုးရိပ်ချောင်းအတွင်းသို့ ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ ၁၀၈၀၀ အား ဇီဝိတဒါနလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**





# ရန်ကင်းမြို့နယ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့်သက်ကြီး ဘိုးဘွားများ ပူဇော်ကန်တော့

**ရန်ကုန် မေ ၁၈**

ရန်ကင်းမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ်၊ မြန်မာ့ရိုးရာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို အမှတ်(၁၁)ရပ်ကွက်ဆည်မြောင်းလမ်းရှိ ကြာဖူးကန်စေတီရေကန်၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါန ငါးလွှတ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ အား ကြာဖူးကန် စေတီရေကန်အတွင်းသို့ လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် ရန်ကင်းမြို့ပေါ်ရပ်ကွက်များအတွင်းရှိ အသက် ၉၅ နှစ်နှင့်အထက် အဘိုးသုံးဦး၊ အဘွား၂၃ဦး စုစုပေါင်း သက်ကြီးဘိုးဘွား ၂၆ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက သက်ကြီးဘိုးဘွားများထံ သွားရောက်၍ ကန်တော့ကြပြီး အဘိုး၊ အဘွား တစ်ဦးလျှင် လှူဒါန်းငွေကျပ်သုံးသောင်းနှင့် ကန်တော့ခံပစ္စည်းများ လှူဒါန်းခြင်းကို ဆောင်ရွက်ကြပြီး အဘိုး၊ အဘွား ၂၆ ဦးအတွက် လှူဒါန်းငွေကန်တော့ခံပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၂၂၀၀၀ ကို ပူဇော်ကန်တော့လှူဒါန်းခဲ့ကြပြီး ကန်တော့ခံအဘိုး၊ အဘွားများက နှစ်သစ်ကူး မင်္ဂလာဆုတောင်းစကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ အသက် ၉၅ နှစ်အထက် သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ


**ရန်ကုန် မေ ၁၈**

မြောက်ဥက္ကလာပမြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အသက် ၉၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်တွင် ဆုတောင်းပြည့် မယ်လမုစေတီမြတ်ကြီးအတွင်းရှိ သုံးထပ်ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးအောင်လောဟာက အသက် ၉၅ နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အပူဇော်ခံသက်ကြီး အသက် ၉၅နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှင့်ဆေးဝါးဆယ်မျိုးကို မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပေးအပ်ကြသည်။ အခမ်းအနားသို့ မတက်ရောက်နိုင်ကြသော သက်ကြီးဘိုးဘွားများအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



မြို့တော်သတင်း The CITY NEWS







ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

**(စာ – ၁) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဆရာတော်ကြီးများ အန္တရာယ်ကင်းပရိတ်မှ**

ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော် အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက အန္တရာယ်ကင်း ကမ္မဝါစာများ ရွတ်ဖတ် ချီးမြှင့်တော်မူကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ကြသည်။

အလားတူ ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်တွင် ၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာ ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော် အရှင်သူမြတ်နှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ရွတ်ပွားသရဇ္ဈာယ်အပ်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြခြင်း၊ အနုမောဒနာတရား နာကြားခြင်းများကို နာယူကြည်ညိုကြကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ တိုက်ကြီးမြို့နယ်၊ ရွှေသုခဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ အလှူငွေပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ အလှူငွေနှင့်ပစ္စည်းများကို ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။

**(စာ – ၁) ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ်၊ ရွှေသုခဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ ဘိုးဘွားရိပ်သာအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေနှင့် ဆန်ငါးအိတ်၊ ဆီ ၅၀ ပိဿာတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀ သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီးနောက် ဘိုးဘွားရိပ်သာရှိ အဘိုး ၁၀ ဦးနှင့် အဘွား ၁၇ ဦး စုစုပေါင်း ၂၇ ဦးတို့အား အလှူငွေနှင့် ပစ္စည်းများကို ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ရှိ ဦးမောင်ရုံး+ဒေါ်ရင် ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ဘိုးဘွားရိပ်သာအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေနှင့် ဆန် ငါးအိတ်၊ ဆီ ၅၀ ပိဿာတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာရှိ အဘိုး ၁၀ ဦးနှင့် အဘွား ၂၀ ဦး စုစုပေါင်း ၃၀ ဦးတို့အား အလှူငွေနှင့် ပစ္စည်းများကို ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm


၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ကြိုတင်ခန့်မှန်း၍ မရနိုင်သော ငလျင်

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်အား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် တပ်ဆင်ထားရှိသော ငလျင်စခန်းများမှ အချက်အလက်များအား နော်ဝေနိုင်ငံ၊ Bergen University မှ ရေးဆွဲထားသည့် SeisAn Software အား အသုံးပြု၍ ငလျင်ဗဟိုချက်အား တွက်ချက်ပြီး မန္တလေးမြို့ငလျင်ကြီးအား သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။




```
Command Prompt - eev 20250328 NEDC
stn   dist   azm  ain w phas    calcphs hrmn tsec  t-obs  t-cal    res   wt di
MDY1    21 348.9 90.4 0 S       SG       620 55.5   6.35   6.22   0.13 1.00 26 MM
MDY1    21 348.9 90.4 0 P       PG       620 53.3   4.13   3.63   0.50 1.00 11 MM
NGU    167 234.5 90.0 0 P       PG       621 18.2  28.98  29.39  -0.41 1.00  8 MM
NGU    167 234.5 90.0 0 S       SG       621 38.3  49.08  50.29  -1.21 1.00 27 MM
TGI    168 150.0 90.5 0 S       SG       621 40.7  51.48  50.70   0.78 1.00 14 MM
TGI    168 150.0 90.5 0 P       PG       621 16.9  27.72  29.63  -1.91 1.00  4 MM
NPW    256 182.1 44.7 0 P       PN4      621 29.7  40.49  42.06  -1.57 1.00  1 MM
TGO    351 176.3 44.7 0 P       PN4      621 44.3  55.16  53.83   1.33 1.00  1 MM
KTN    359 103.7 44.7 0 P       PN4      621 42.1  52.93  54.97  -2.04 1.00  7 MM
BGO    509 176.3 44.7 0 P       PN4      622  5.2  76.02  73.46   2.56 1.00  1 MM
YGN    578 180.8 44.7 0 P       PN4      622 15.3  86.09  81.98   4.11 1.00  1 MM
DWI    909 166.3 43.9 0 P       PN5      622 49.3 120.08 122.34  -2.26 1.00  1 MM

MEK  HZ  hdist:   1096.0  amp:   731000.0 T:  1.1  ml =  9.2
NGU  HZ  hdist:    167.0  amp:   956000.0 T:  1.6  ml =  6.7
TGO  HZ  hdist:    351.0  amp:  1190000.0 T:  1.0  ml =  7.5
DWI  HZ  hdist:    909.0  amp:   785000.0 T:  1.3  ml =  8.8
YGN  HZ  hdist:    578.0  amp:   838000.0 T:  2.2  ml =  8.0
KTN  HZ  hdist:    359.0  amp:   869000.0 T:  1.2  ml =  7.4
TGI  HZ  hdist:    168.0  amp:   930000.0 T:  0.5  ml =  6.7
2025  328 0620 49.2 L  22.087  96.226  0.0  UIB  9 1.9 7.7LUIB
```



၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဗဟိုချက်အား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် နော်ဝေနိုင်ငံမှ ရေးသားထားသော SeisAn Software ဖြင့် တွက်ချက်ထားပုံ





မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသော မန္တလေးငလျင်ဗဟိုချက်ပြပုံ

အဆိုပါငလျင်ကြီးသည် အင်အားပြင်းထန်ပြီး ဗဟိုချက်အနက် တိမ်သောကြောင့် နောက်ဆက်တွဲငလျင်များ လှုပ်ရှားနေခြင်းဖြစ်ပါသည်။ အင်အားပြင်းထန်သော ငလျင်ကြီး လှုပ်ရှားမှုကြောင့် ရွေ့လျားသွားခဲ့သော မြေသားများသည် ပုံမှန်အနေအထားသို့ ရောက်ရှိရန် ပြုလုပ်ကြရသဖြင့် နောက်ဆက်တွဲ ငလျင်များ လှုပ်ရှားနိုင်ပါသည်။

ငလျင်သည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် လှုပ်ရှားမည်ကို ယနေ့အချိန်ထိ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ တိတိကျကျ ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်ပါသည်။ တစ်ခါတစ်ရံ လူမှုကွန်ရက်များတွင် မည်သည့်အချိန်တွင် အင်အားမည်မျှဖြင့် ငလျင်လှုပ်ရှားမည်ဆိုသည့် သတင်းမျိုးနှင့် အချိန် ၄၈ နာရီအတွင်း၊ အချိန် ၇၂ နာရီအတွင်း ငလျင်လှုပ်ရှားနိုင်သည်ဆိုသည့် သတင်းမျိုးများ တွေ့ရှိပါက မယုံကြည်သင့်ပါကြောင်း၊ ငလျင်နှင့်ပတ်သက်၍ မည်သည့်နိုင်ငံ၊ မည်သည့်ငလျင်ပညာရှင်မျှ ကြိုတင်မခန့်မှန်းနိုင်ပါကြောင်းနှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ ငလျင်နှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက သက်ဆိုင်ရာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၃၄၁၁၂၆၉ နှင့် ၀၆၇-၃၄၁၁၂၅၃ တို့သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## သဃ်န်းကျွန်းမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် အသက် ၉၅ နှစ်အထက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်ရှိ လက်ဆည်ကန်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က



ကြီးမှူး၍ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် အသက် ၉၅ နှစ်အထက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ ငါးလွှတ်ပွဲအခမ်းအနားတွင် ရွှေဝါငါးကြင်းကောင်ရေ ၃၆၀၀ ကို ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲဆောင်ရွက်ခဲ့ပြီး တက်ရောက်သူများအား မုန့်ဟင်းခါး (သက်ရှည်မုန့်) များဖြင့် ကျွေးမွေး၍ အလှူဒါနပြုလုပ်သည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ အသက် ၉၅ နှစ်အထက် အဘိုး၊ အဘွား ခုနစ်ဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှင့် ကြက်ဥ ၂၀ လုံးစီ ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၃) ဦးကျော်မင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လိုင်မဉ္ဇူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**ခရိုင် (ပြန်/ဆက်)**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ပြုလုပ်

**ရန်ကုန် ဧပြီ ၁၈**

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲကို ယမန်နေ့က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အမှတ် (၃၅) ရပ်ကွက်၊ နတ်ရေကန်ပန်းခြံတွင် ပြုလုပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး နတ်ရေကန်ပန်းခြံရှိ နတ်ရေကန်အတွင်းသို့ ဇီဝိတဒါနငါးများကို ဘေးမဲ့လွှတ်ကြသည်။

၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငါးကောင်ရေကိုးထောင်အား ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။

**မြင့်မြင့်ရီ**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

# ယနေ့ဈေးကွက်ပေါက်ဈေး

**ရန်ကုန် ဧပြီ ၁၈**

## ၁၇.၄.၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ ငွေကျပ် ၅,၆၃၀,၀၀၀** ဖြစ်သည်။

**ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၆၃၄ | ၂၇၂၁ |
| HSD (500 ppm) | ၂၂၄၁ | ၂၃၁၆ |
| HSD (50 ppm) | ၂၇၉၂ | ၂၈၇၈ |
| HSD (10 ppm) | ၂၇၉၂ | ၂၈၇၈ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ဆန် (အိတ်)ဆန်ကုန်စည်ဒိုင်ဈေး**

| | | |
|---|---|---|
| ငစိန် | ကျပ် | ၇၁၀၀၀ - ၇၂၅၀၀ - ၇၃၀၀၀ |
| ဧည့်မထ | ကျပ် | ၇၁၀၀၀ - ၇၂၀၀၀ - ၇၃၀၀၀ |
| ပေါ်ကျွဲ | ကျပ် | ၁၀၀၀၀၀ - ၁၀၂၀၀၀ - ၁၀၃၀၀၀ |
| ပေါ်ဆန်း | ကျပ် | ၁၄၀၀၀၀ - ၁၄၅၀၀၀ - ၁၅၀၀၀၀ |

**ဆီ(ပိဿာချိန်)**

| | | |
|---|---|---|
| စားအုန်းဆီ(လက်ကား) | ကျပ် | ၆၇၇၀ - ၇၂၀၀ |
| စားအုန်းဆီ(လက်လီ) | ကျပ် | ၇၀၁၀ - ၇၅၀၀ |
| ပဲဆီ(လက်ကား/လက်လီ) | ကျပ် | ၁၃၀၀၀ -၁၆၀၀၀ - ၂၂၀၀၀ |
| နှမ်းဆီ(လက်ကား/လက်လီ) | ကျပ် | ၁၇၀၀၀-၂၀၀၀၀ |

**အသား(ပိဿာချိန်)**

| | | |
|---|---|---|
| အမဲသား(ဒိုင်ဈေး) | ကျပ် | ၂၂၀၀၀ |
| (လက်လီဈေး) | ကျပ် | ၂၀၀၀၀-၂၅၀၀၀ - ၂၈၀၀၀ |
| ဝက်သား(ဒိုင်ဈေး) | ကျပ် | ၂၅၅၀၀ |
| (လက်လီဈေး) | ကျပ် | ၃၀၀၀၀ - ၃၅၀၀၀ |
| ဆိတ်သား (ဒိုင်ဈေး) | ကျပ် | ၂၅၀၀၀ |
| (လက်လီဈေး) | ကျပ် | ၃၀၀၀၀ -၃၈၀၀၀ - ၄၀၀၀၀ |

**ကြက်/ဘဲ(ပိဿာချိန်)**

| | | |
|---|---|---|
| မွေးမြူရေးကြက်(ဒိုင်ဈေး) | ကျပ် | ၁၂၀၀၀ - ၁၄၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၆၀၀၀ - ၂၀၀၀၀ |
| ဒေသကြက်(ဒိုင်ဈေး) | ကျပ် | ၁၆၀၀၀ - ၂၆၀၀၀ |
| (လက်လီဈေး) | ကျပ် | ၂၄၀၀၀ -၂၇၀၀၀ - ၃၀၀၀၀ |
| ဘဲ(ဒိုင်ဈေး) | ကျပ် | ၁၅၀၀၀ - ၁၆၀၀၀ |
| ဘဲ(လက်လီဈေး) | ကျပ် | ၁၀၀၀၀ -၁၂၀၀၀ - ၁၅၀၀၀ |

**ကြက်ဥ/ဘဲဥ(လုံးရေ)- ရော၀တီတိုင်းမှဝင်**

| | | |
|---|---|---|
| ကြက်ဥ(ဒိုင်ဈေး) | ကျပ် | ၃၅၅ |
| ဘဲဥ ( ဒိုင်ဈေး) | ကျပ် | ၄၀၀ |
| ကြက်ဥ(လက်လီဈေး) | ကျပ် | ၃၅၅ - ၃၆၀ - ၃၆၅ |
| ဘဲဥ(လက်လီဈေး) | ကျပ် | ၄၅၀ - ၅၀၀ |

**ငါး (ရေချိုရေငန်ပိဿာချိန်)**

| | | |
|---|---|---|
| ငါးမြစ်ချင်း(ဒိုင်ဈေး) | ကျပ် | ၆၀၀၀ - ၇၅၀၀ - ၈၅၀၀ |
| (လက်လီဈေး) | ကျပ် | ၈၀၀၀ - ၁၀၀၀၀ - ၁၂၀၀၀ |
| ငါးကြင်း(ဒိုင်ဈေး) | ကျပ် | ၆၀၀၀ - ၁၁၀၀၀ - ၁၃၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၀၀၀၀ - ၁၃၀၀၀ -၁၈၀၀၀ |
| ငါးတန် (မြစ်) (ဒိုင်ဈေး) | ကျပ် | ၇၀၀၀ - ၉၀၀၀ -၁၇၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၂၀၀၀ - ၂၀၀၀၀ |
| ငါးတန် မွေးမြူရေး(ဒိုင်ဈေး) | ကျပ် | ၄၀၀၀ - ၆၀၀၀ |
| (လက်လီဈေး) | ကျပ် | ၅၀၀၀ -၁၀၀၀၀ |
| ငါးခူ/ငါးကျည်း (ဒိုင်ဈေး) | ကျပ် | ၁၃၀၀၀ - ၁၈၀၀၀ - ၂၀၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀ |
| ငါးသလောက်(ဒိုင်ဈေး) | ကျပ် | ၁၂၀၀၀ - ၂၀၀၀၀ - ၂၇၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၈၀၀၀ - ၂၅၀၀၀ - ၂၈၀၀၀ |
| ငါးရံ့(ဒိုင်ဈေး) | ကျပ် | ၇၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀ |
| ပင်လယ်ငါး(ဒိုင်ဈေး) | ကျပ် | ၄၀၀၀ - ၇၅၀၀ - ၁၀၀၀၀ |
| (လက်လီဈေး) | ကျပ် | ၇၀၀၀ - ၈၀၀၀ - ၁၀၀၀၀ |
| ရွှေငါး | ကျပ် | ၄၅၀၀ - ၅၅၀၀ |
| ပလာတူး | ကျပ် | ၅၀၀၀ - ၇၀၀၀ |
| ပုစွန်ကျော့(ဒိုင်ဈေး) | ကျပ် | ၁၁၀၀၀ - ၁၅၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၂၀၀၀ - ၁၅၀၀၀ - ၂၀၀၀၀ |

**ကုန်ခြောက်(တစ်ပိဿာလက်ကားဈေး)**

| | | |
|---|---|---|
| ကြက်သွန်နီ(ဒိုင်ဈေး) | ကျပ် | ၁၀၀၀ - ၁၆၀၀ - ၁၈၀၀ |
| (လက်လီဈေး) | ကျပ် | ၂၅၀၀ - ၃၅၀၀ - ၄၀၀၀ |
| ကြက်သွန်ဖြူ(ဒိုင်ဈေး) | ကျပ် | ၅၅၀၀ - ၁၃၀၀၀ - ၁၃၅၀၀ |
| (လက်လီဈေး) | ကျပ် | ၁၅၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀ |
| အာလူး(ဒိုင်ဈေး) | ကျပ် | ၃၅၀၀ - ၄၅၀၀ |
| (လက်လီဈေး) | ကျပ် | ၃၆၀၀ - ၅၀၀၀ |

**ငရုတ်ခြောက်(ပု)**

| | | |
|---|---|---|
| (ဒိုင်ဈေး) | ကျပ် | ၁၁၅၀၀-၁၂၀၀၀ |
| (လက်လီဈေး) | ကျပ် | ၁၃၀၀၀ - ၁၆၀၀၀ - ၂၀၀၀၀ |

**ငရုတ်ခြောက်(ရှည်)**

| | | |
|---|---|---|
| (ဒိုင်ဈေး) | ကျပ် | ၇၀၀၀ - ၈၃၀၀ |
| (လက်လီဈေး) | ကျပ် | ၁၂၀၀၀ - ၁၅၀၀၀ -၁၈၀၀၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန ထုတ်လုပ်ရေးရုံများ၊ မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးများမှ လက်လီ၊ လက်ကား ဈေးနှုန်းများ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။**

**(မြို့တော်သတင်း)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရက်စွဲ | ပေါ်ဆန်း တစ်ပြည် | ဧည့်မထ တစ်ပြည် | ငစိန် တစ်ပြည် | ပဲဆီ ပိဿာ | စားအုန်းဆီ ပိဿာ | ကြက်သွန်နီ ပိဿာ | ကြက်သွန်ဖြူ ပိဿာ | ကုလားပဲ ပိဿာ | မတ်ပဲ ပိဿာ | အာလူး ပိဿာ | ဆား ပိဿာ | ငရုတ်ရှည် ပိဿာ | ငရုတ်ပု ပိဿာ | ကြက်သား ပိဿာ | ဝက်သား ပိဿာ | အမဲသား ပိဿာ | ဆိတ်သား ပိဿာ | ငါးကြင်း ပိဿာ | ငါးမြစ်ချင်း ပိဿာ | ငါးခြောက်အာပြဲ ပိဿာ | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန် | ၁၇-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | ၁၈-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | | | | | | | | | | | | | | | | | | | | | | | |

**လက်လီဈေးနှုန်းဖြစ်ပါသည်**



မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ယိုမိုင်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၁၈ ရက်က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစဉ်။

မောင်ခိုင်



တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၈၀၀ အသင်းသူ၊ အသင်းသား ၁၄၇ ဦးအား (၁၁) ကြိမ်မြောက် ထုတ်ချေးခြင်းကို ဧပြီ ၁၆ ရက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ပန်ဟားကျပ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်စဉ်။

ကာရံ(ကျေးလက်)



ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းဖြင့် ဒေသဝက်မွေးမြူခြင်းလုပ်ငန်းများကို ဧပြီ ၁၈ ရက်က တာဝန်ရှိသူများ ကျောက်တောခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးစဉ်။

ချိုသန်းညွန့်(ကျေးလက်)

# ဆေးဖက်ဝင် ရုံးပတီသီး

တင်ထက်ထက်ဇော်

အသီးအနှံများတွင် လူသားတို့ကျန်းမာရေးကို အထောက်အပံ့ပေးနိုင်သည့် အစွမ်းသတ္တိကိုယ်စီ သဘာဝအလျောက်ပါရှိနေကြသည်။ထို့ကြောင့်လူသားတို့နေ့စဉ်အစားအသောက်စာရင်းထဲတွင် အသီးအနှံ တစ်မျိုးမဟုတ်တစ်မျိုး စားသုံးပေးသင့်ပါသည်။ အချို့အသီးအနှံများကို မိမိပတ်ဝန်းကျင်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသော်လည်း အရသာ မနှစ်ခြိုက်ခြင်းကြောင့်လည်းကောင်း၊ မိမိအကြိုက်နှင့် မကိုက်ညီသဖြင့် မစားသောက်ဖြစ်တာမျိုးရှိတတ်ပါသည်။

ထိုအသီးအနှံ အမျိုးအစားထဲတွင် ရုံးပတီသီးလည်း တစ်ခုပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ရုံးပတီသီးကို အပူပေးချက်ပြုတ်လိုက်သောအခါ ၎င်း၏ ပင်ကိုယ်သဘာဝဓာတ်အရ ချွဲပျစ်ပျစ်ဖြစ်နေသောကြောင့် စားသုံးရာတွင် မျိုချရာ၌ခက်ခဲသည့် အကြောင်းပြချက်ဖြင့် လူတချို့က မစားသုံးဖြစ်ကြပေ။ သို့သော် ရုံးပတီသီးတွင် သဘာဝ ဆေးဖက်ဝင်အာနိသင်များစွာ ပါရှိနေသဖြင့် အခါအားလျော်စွာ စားသုံးပေးသင့်ပါသည်။

ရုံးပတီသီးကို အင်္ဂလိပ်လို Okra ဟုခေါ်သည်။ အသီးတောင့်၏ ပုံသဏ္ဍာန်က အမျိုးသမီးများ လက်ချောင်းသဖွယ် အဖျားသွယ်၍ ကော့ညွတ်နေသောကြောင့် တချို့က ရုံးပတီသီးကို Lady's Fingers ဟု တင်စားခေါ်ကြသည်။ အပူပိုင်းဒေသတွင် အလွယ်တကူပေါက်ရောက်သည်။ ပူသောရာသီဥတုကို ခံနိုင်ရည်ရှိသည်။ မြေသြဇာကောင်းကာ ရေမြောင်းတစ်ဝိုက် စိုက်ပျိုးပေးပါကဖြစ်ထွန်းမှု မြန်ဆန်သည်။ အရွက်သည် အစိမ်းရင့်ရောင်ရှိကာ နှစ်လသားအရွယ်တွင် အပင်၏ အရွယ်အစားမှာ ၅ စင်တီမီတာ မှ ၁၅ စင်တီမီတာ အထိရှည်သည်။ ထိုအရွယ်တွင် အသီးသီးသည်။ အသီးတောင့်မရင့်မှည့်ခင် ခူးဆွတ်စားသောက်သင့်ပါသည်။

**အသီး အနု၊ အရင့် ခွဲခြားနည်း**

ရင့်သောအသီးတောင့်သည် အရသာလျော့နေသည့်အပြင် ရင့်ထော်နေသော အမျှင်များကြောင့် သွားကြားညှပ်ခြင်း၊ သွားဖြင့်ကြိတ်ဝါးရာတွင် အလွန်ရှုပ်စေခြင်း၊ မျိုချ၍မရခြင်း ဖြစ်တတ်သည်။ ထို့ကြောင့် ဈေးဝယ်စဉ်ကတည်းက အနု၊ အရင့်ခွဲခြားသည့်အနေဖြင့် အသီးထိပ်ဖျားပိုင်းကို လက်ဖြင့် အသာအယာ ချိုးကြည့်သင့်ပါသည်။ နုသော ရုံးပတီသီး၏ အဖျားပိုင်းသည် ဆတ်ခနဲကျိုးတတ်သည်။ ရင့်သော အသီးသည် ကျိုးကားကျိုး၏။ သို့သော်ပြတ်မသွားဘဲ သည်အတိုင်းရှိနေတတ်သည်။ ထို့ပြင် နောက်ထပ်သတိပြုရမည့်အချက်မှာ ရုံးပတီသီး၏ သဘောသဘာဝသည် ခူးဆွတ်ပြီးချိန် ကြာမြင့်လေ အသီးတောင့် ရင့်လေဖြစ်တတ်၍ ခူးဆွတ်ပြီးနောက် သို့မဟုတ် ဈေးကဝယ်လာသော ရုံးပတီသီးကို ချက်ချင်းမစားဖြစ်ပါက ရေခဲသေတ္တာထဲသိမ်းပါ။ သို့သော် ရက်အတန်ကြာ မသိမ်းဘဲ စောစောစားနိုင်လျှင် ကောင်းပါမည်။



**ရုံးပတီသီးစားဖွယ်စုံ**

ရုံးပတီသီးကို ချက်ပြုတ်ရာတွင် ချွဲကျိကျိအနေအထားအထိ မရောက်စေရန် ၎င်းကို တုံးတစ်ခြင်း၊ ပါးပါးလှီးခြင်းမျိုး မလုပ်သင့်ဘဲ မူလအသီးအတောင့်လိုက်အတိုင်း ချက်ပြုတ်ပေးရပါမည်။ ထို့ပြင် ရုံးပတီသီး အချွဲသက်သာအောင် ခရမ်းချဉ်သီး အနည်းငယ်ထည့်၍ ကြော်စားသင့်ပါသည်။ ချက်ပြုတ်ရာတွင် အချိန်အကြာကြီးမဟုတ်ဘဲ အသီးတောင့်ပျော့ပျောင်းသွားရုံမျှသာ အပူပေးချက်ပြုတ်ရပါမည်။ မည်သည့်အသီးအနှံမဆို အချိန်ကြာမြင့်စွာအပူပေးချက်ပြုတ်ပါက ၎င်းတို့ထဲရှိ enzymes ဓာတ်များ လျော့ကျသွားကာ၊ လူသားတို့ကျန်းမာရေးကိုအထောက်အပံ့ပေးနိုင်သည့် ကိုယ်ပိုင်အစွမ်းသတ္တိများ ပျက်ပြယ်တတ်သည်။ ရုံးပတီသီးကို ရေနွေးဖျော၍ အတို့အမြုပ်အဖြစ်လည်းကောင်း၊ မီးအုံး၍ လည်းကောင်း၊ သုပ်၍လည်းကောင်း၊ ပုစွန်ခြောက်ရောကာနှပ်စား၍သော်လည်းကောင်း၊ ငါးအနည်းငယ်ထည့်၍ ဟင်းချိုအဖြစ် လည်းကောင်း၊ ပဲကုလားဟင်း အဖြစ်တစ်မျိုး၊ ချစ်တီးဟင်းအဖြစ် တစ်ဖုံ၊ သနပ်စုံ အဖြစ်တစ်သွယ် စသည်ဖြင့် မိမိနှစ်သက်ရာ ပုံစံအမျိုးမျိုးလုပ်စားနိုင်ပါသည်။ ရုံးပတီပင်၏ အရွက်ကိုလည်းအစိမ်းလိုက်အသုပ်သုပ်စားနိုင်ပါသည်။

**ကျန်းမာရေးအတွက် ရုံးပတီသီး၏ အကျိုးကျေးဇူးများ**

မြန်မာ့ဆေးကျမ်းတစ်စောင်ဖြစ်သည့် ရှုတော်မူ ဆေးကျမ်းတွင် ရုံးပတီသီးသည် ချွဲကျိ၏။ လေသလိပ်ကို ပျက်စေတတ်၏။ အကြောအခြင်ကို လေးလံတောင့်တင်းစေတတ်၏ ဟုဆိုထားပါသည်။

ဆေးသိပ္ပံပညာရှုထောင့်မှနေ၍ ရုံးပတီသီးကို အခြားသော အသီးအနှံများနှင့် နှိုင်းယှဉ်ကြည့်ရာ အသီးထဲတွင် အများဆုံး ပါဝင်သော အာဟာရဓာတ်မှာ ရေငွေ့ဓာတ်ဖြစ်ပြီး ဒုတိယအများဆုံး ပါဝင်သော အာဟာရဓာတ်မှာ သကြားဓာတ် ခေါ် ကစီဓာတ်ဖြစ်သည်။ အသီးတွင် ဆိုဒီယမ်ဓာတ်နှင့် အဆီဓာတ်တို့ ပါဝင်သော ပမာဏလွန်စွာနည်းပါးသဖြင့် ကျန်းမာရေးကို များစွာအထောက်အပံ့ပေးပါသည်။ ရုံးပတီသီးတွင် ကယ်လိုရီပါဝင်မှု နည်းပါးပြီး အာဟာရဓာတ် မြောက်မြားစွာ ပါဝင်နေကြသည်။ သံဓာတ်၊



ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်စသည့် သတ္တုဓာတ်များ ပေါကြွယ်ဝသည့်အပြင် ဗီတာမင်အေ၊ ဗီတာမင်ဘီနိုင်း၊ ဗီတာမင်စီနှင့် ဗီတာမင်ဘီစစ် တို့ပါရှိကြသည်။ အမိုင်နိုအက်ဆစ်လည်း ပါဝင်သည်။

- ရုံးပတီသီးထဲတွင်ပါရှိသော အရည်ဓာတ်က အာရုံကြောကြွက်သားများကို လှုံ့ဆော်ပေး၍ ကောင်းစွာ အလုပ်လုပ်စေသဖြင့် မောပန်းနွမ်းနယ်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းဝေဒနာတို့ကို သက်သာစေပါသည်။
- ရုံးပတီသီးကို ပုံမှန်စားသုံးပေးခြင်းက သွေးထဲရှိ ကိုလက်စထရောပမာဏ လျှော့ချပေးနိုင်သဖြင့် နှလုံးရောဂါအန္တရာယ်လျော့ပါးသက်သာစေသည်။
- ရုံးပတီသီးကို အသင့်အတင့် စားပေးရုံမျှဖြင့် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ပြေစေသည်။ အသည်းနှင့် သည်းခြေရည်တို့ကို အဆိပ်အတောက်ကင်းစေသည်။
- ရုံးပတီသီးတွင် နူးညံ့ပျော်ဝင်လွယ်သော အမျှင်ဓာတ်များစွာ ပါရှိရာ၊ ၎င်းဓာတ်များက အူကို အကျိုးပြုကာ ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးပါသည်။ ရုံးပတီသီးကို မှန်မှန်စားပေးသွားခြင်းဖြင့် အူမကြီးကင်ဆာအန္တရာယ် ဖြစ်နိုင်ခြေ အလားအလာကို လျှော့ချပေးနိုင်သည်။ (အနောက်နိုင်ငံတွင် အနှစ်၂၀ ကြာ ဝမ်းချုပ်ခြင်းဝေဒနာကို ခံစားနေရသောသူအား တစ်နေ့လျှင် ရုံးပတီသီးခြောက်တောင့် ပုံမှန်စားစေခဲ့ရာ ကာလတိုအတွင်းမှာပင် ထိုသူသည် ဝမ်းမချုပ်တော့ပေ။ ထို့ပြင် သူ၏သွေးထဲရှိ သကြားဓာတ်သည်လည်း ယခင် ၁၃၅ မှ ယခု ၉၈ အထိ ကျဆင်းသွားသည်)
- ရုံးပတီသီးတွင် ဖောလစ်အက်ဆစ်ပါရှိသောကြောင့် ကိုယ်ဝန်သည်များစားသောက်ပေးကြပါရန်အကြံပြုလိုပါသည်။အဘယ်ကြောင့်ဆိုသော် ဖောလစ်အက်ဆစ်က ကိုယ်ဝန်ဆောင်မိခင်၏ သားအိမ်ထဲတွင် ရက်သတ္တပတ် ၄ ပတ် မှ ၁၂ ပတ်အထိတည်နေသော သန္ဓေသား၏ Neural tube defects (NTD) ဟုခေါ်သော အာရုံကြောတည်ဆောက်မှုတို့ကို ကောင်းစွာ အကျိုးပြုစေပါသည်။
- ရုံးပတီသီးသည် ခန္ဓာကိုယ်တွင်းရှိ လူကိုအကျိုးပြုစေသော ဘက်တီးရီးယားပမာဏကို တိုးပွားစေပါသည်။ ထိုတိုးပွားစေသော အကျိုးအာနိသင်မှာ ဒိန်ချဉ်ကိုသောက်သုံးခြင်းဖြင့် ရရှိစေသော အကျိုးအာနိသင်နှင့် ထပ်တူညီသည်။
- ရုံးပတီသီး၏ အစေ့ထဲ၌ ဟင်းသီးဟင်းရွက်တို့တွင် တွေ့ရခဲလှသည့် ရှားပါးအဆီတစ်မျိုး ပါဝင်သည်။ ၎င်းအဆီက စားသုံးသူများကို အသားဓာတ်ဖြစ်စေသည်။
- ရုံးပတီသီးသည် ဆံပင်ကျန်းမာရေးကို အထောက်အကူပြုသည်။ အသီးကို ခပ်ပါးပါးလှီးပြီးနောက် ချွဲပျစ်လာသည်အထိ ကျိုချက်ပါ။ ပြီးနောက် အအေးခံထားပါ။ ထိုအအေးခံထားသော အရည်ထဲသို့ ရှောက်ရည်အနည်းငယ်ထည့်ပါ။ ထို့နောက် ဆံပင်အရင်းမှ အဖျားအထိ သုတ်လိမ်းပေးပါ။ ဆံပင်သန်စွမ်းစေပါသည်။
- ခန္ဓာကိုယ်အတွင်း တစ်သျှူးများ ကျစ်လျစ်မာကျောခြင်းကို ပျောက်ကင်းသက်သာစေသည်။
- ရုံးပတီသီးထဲတွင် အမျှင်ဓာတ် ၅၀ ရာခိုင်နှုန်းပါရှိရာ ထိုဓာတ်က နှလုံးရောဂါဝေဒနာကို လျော့ပါးသက်သာစေသည်။
- သွေးနီဆဲလ်ထုတ်လုပ်ရာတွင် ကူညီပေးနိုင်သဖြင့် သွေးအားနည်းရောဂါ လူကီးမီးယားအတွက် အစွမ်းထက်မြက်သည်။
- ရုံးပတီသီးထဲရှိ လူသားအကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းသည် ကင်ဆာဖြစ်စေတတ်သော ဆဲလ်အသွင်ပြောင်းခြင်းကို ကာကွယ်ပေးနိုင်သဖြင့် ရုံးပတီသီးက ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်ပါသည်။
- ရင်ကျပ်ပန်းနာရှိသူများလည်း စားသုံးသင့်သည်။
- ရုံးပတီသီးထဲရှိ ဖောလစ်အက်ဆစ်က အရိုးကို သန်မာစေသည်။
- အစာမကြေဖြစ်ခြင်းအပါအဝင် အစာအိမ်နာရောဂါများကိုလည်း သက်သာစေပါသည်။
- အသားအရေ ကြည်လင်စေသည်။
- အမြင်အားကောင်းစေဖို့အတွက် အထောက်အကူပြုပေးနိုင်ပါသည်။
- ရုံးပတီသီးထဲတွင် အယ်လ်ကာလီအငန်ဓာတ်ရှိသော အရည်တစ်မျိုး ပါဝင်သည်။ ၎င်းဓာတ်က ဖက်ခွက်နာ၊ ပြည်တည်နာတို့ကဲ့သို့သော ကိုယ်တွင်းကိုယ်ပ ရောဂါများကို ကုသပေးနိုင်ပါသည်။
- ယနေ့ခေတ်ကမ္ဘာတွင် ဆေးပညာများ တိုးတက်ထွန်းကားလျက်ရှိရာ အိန္ဒိယနိုင်ငံတွင် ရုံးပတီသီးမှ လူသားတို့အတွက် သွေးရည်ကြည်အဖြစ် အစားထိုးစမ်းသပ်မှုဆေးပညာကို သုတေသနပြုလျက်ရှိသည်။

**ဆီးချို၊သွေးချိုကျစေသည့် ရုံးပတီသီးကုထုံး**

ခေတ်သစ်သုတေသနအရ ရုံးပတီသီးကုထုံးက ဆီးချို၊သွေးချိုကျစေကြောင်း လေ့လာသိရှိရသည့်အတွက် ယင်းဝေဒနာရှင်များအတွက် သတင်းကောင်းဖြစ်ပါသည်။ ရုံးပတီသီးထဲမှာ အင်ဆူလင်ကဲ့သို့ ဂုဏ်သတ္တိပါရှိနေ၍ သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် ဆီးချိုရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရုံးပတီသီးစားပေးသင့်သည်။ ဆီးချိုရောဂါရှိနေသူများသည် ရုံးပတီသီး ငါးတောင့်၏ အရင်းပိုင်းနှင့် အဖျားပိုင်းတို့ကို ဓားဖြင့်ဖြတ်၍ သောက်ရေအေး ထည့်ထားသော ဖန်ခွက်တစ်လုံးထဲသို့ ထည့်စိမ်ပါ။ တစ်ညသိပ်စိမ်ထားပါ။ နောက်တစ်နေ့နံနက်အိပ်ရာထချိန်တွင် ရုံးပတီသီးအဖတ်များကို ဖယ်ပြီး အရည်သောက်ပါ။ ဤနည်းအတိုင်း ရက်သတ္တပတ်လျှင် နှစ်ရက်ခန့်သောက်ပေးခြင်းဖြင့် တစ်လအကြာမှာ ဆီးချို၊ သွေးချိုရောဂါ သိသိသာသာ သက်သာစေပါမည်။ သို့သော် အလွန်အကျွံမသောက်ရ။ သကြားဓာတ်၊အချိုဓာတ်များ လွန်စွာဆုံးရှုံးသွားလျှင်အန္တရာယ်ဖြစ်စေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော်လူသားတို့ကျန်းမာရေးအတွက်နေ့စဉ်စားသောက်နေသော အစားအစာများထဲတွင် ကျန်းမာရေးကို အကျိုးပြုစေသည့် ဗီတာမင်၊ သတ္တုဓာတ်နှင့် အယ်လ်ကာလီတို့ သင့်တင့်မျှတစွာ ပါရှိနေဖို့ လိုပါသည်။ ထိုအာဟာရတို့ ပေါကြွယ်ဝကာ ဈေးနှုန်းသင့်တင့်ပြီး ချက်ပြုတ်ပြင်ဆင်ရာမှာ အလုပ်မရှုပ်စေသည့်ဆေးဖက်ဝင်ရုံးပတီသီးကိုစားသောက်ပေးကြပါရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။

**သတိပြုရန်**

(က) အသီးဖျန်း ဓာတ်မြေသြဇာများ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဦးစွာ ရုံးပတီသီးကို ဆားရည်ထဲ အနည်းဆုံး နာရီဝက်ခန့်စိမ်ပြီး ရေဖြင့်သုံးကြိမ် ဆေးပေးသင့်ပါသည်။ (ခ) ရုံးပတီသီးကို အလွန်အကျွံစားမိပါက ရင်ခံခြင်း၊ အကြောအခြင်များ လေးလံတောင့်တင်းခြင်းဖြစ်တတ်သည်။ ။



ပြင်ဦးလွင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းရပ်ကွက်တွင် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်ဦးအလှူနှင့် အန္တရာယ်ကင်း ပရိတ်တရားနာကြားခြင်းကို ဧပြီ ၁၇ ရက်ညနေပိုင်းတွင် ကျင်းပစဉ်။

CN-045



၁၃၈၇ ခုနှစ် မြန်မာ့နှစ်ဆန်းတစ်ရက် ညနေပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မြို့တော်သတင်းစာတိုက်ဝန်ထမ်းမိသားစုများက သတင်းစာတိုက်ဝန်ထမ်းအိမ်ရာဝင်း၌ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြစဉ်။

စောလှိုင်ဝင်း

## မေတ္တာရပ်ခံချက်

မြို့တော်သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များအား မြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရန်နှင့် အမှိုက်များအား သတ်မှတ်နေရာများတွင်ရှိသော အမှိုက်ပုံးများအတွင်းသို့ စွန့်ပစ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) သိကောင်းစရာ

၁၂၉။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ လမ်းများတစ်လျှောက် ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းတို့ကို ခုတ်ထွင်ရှင်းလင်းရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၃၀။ ကော်မတီသည် လမ်းများ၊ တံတားများ၊ စကြံများ ဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ လုပ်ငန်းအဖြစ်လည်းကောင်း၊ ကန်ထရိုက်စနစ်ဖြင့် လည်းကောင်း၊ အခြားစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၁၃၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ လမ်းနယ်များတွင် လျှပ်စစ်ဆိုင်ရာအခြေခံအဆောက်အအုံများ၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဓာတ်ငွေ့ပိုက်လိုင်းနှင့် အခြားပိုက်လိုင်းများဆိုင်ရာ အခြေခံ အဆောက်အအုံများကို မြေပေါ်မြေအောက်တွင် တည်ဆောက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဆောင်ရွက်ရမည်။

**ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ခြင်း**

၁၃၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူ သောက်သုံးနိုင်ရန်အတွက် သန့်ရှင်းသောရေများကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်ရမည်။

## မိုးလေဝသအခြေအနေ

**ထူးခြားသည့် နေ့အပူချိန်များ။** ချောက်မြို့ ၄၀ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်၊ အောင်လံမြို့ ၃၉ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်၊ ပြည်မြို့ ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်၊ ကော့ကရိတ်မြို့ ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်၊ မကွေးမြို့ ၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်၊ တောင်တွင်းကြီးမြို့ ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်၊ သာယာဝတီမြို့၊ ဝက်ထီးကန်(လေးထပ်ပြင်)နှင့် မြင်းမူမြို့တို့တွင် ၃၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်စီနှင့် ဆင်ဖြူကျွန်းမြို့တွင် ၃၇ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်တို့ဖြစ်ကြသည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ။** မအူပင်မြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ဇလွန်မြို့ ၁ ဒသမ ၆၅ လက်မ၊ ဖြူးမြို့ ၁ ဒသမ ၂၆ လက်မ၊ ပူတာအို မြို့ ၁ ဒသမ ၂၂ လက်မ၊ ငပုတောမြို့ ၁ ဒသမ ၂၁ လက်မ၊ ကျိုက်လတ် မြို့ ၀ ဒသမ ၈၆ လက်မ၊ ကျုံပျော်မြို့ ၀ ဒသမ ၇၉ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) ၀ ဒသမ ၇၁ လက်မ၊ မြောင်းမြမြို့ ၀ ဒသမ ၆၇ လက်မနှင့် မော်လိုက်မြို့၊ မင်းကင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၀ ဒသမ ၆၃ လက်မစီတို့ဖြစ်ကြသည်။

**မနက်ဖြန်နံနက်အထိခန့်မှန်းချက်။** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ။** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်။** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင် ပါသည်။

**နောက် ၂ ရက်အတွက်ခန့်မှန်းချက်။** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိခန့်မှန်းချက်။** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက်မနက်ဖြန်နံနက်အထိခန့်မှန်းချက်။** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိခန့်မှန်းချက်။** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**

# အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၈၉၁ ဦးတို့အား ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေး

**ရန်ကုန် ဧပြီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၃၀၊ ၃၁၊ ၃၂/၂၀၂၅ ဖြင့် ထုတ်ပြန်သည့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၈၉၁ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းကို ဧပြီ ၁၇ ရက်က အဆိုပါထောင်ဝင်းအတွင်းရှိ အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်တို့က ဆုံးမသြဝါဒစကားများပြောကြားပြီး အင်းစိန်ဗဟိုအကျဉ်းထောင်မှ သတ်မှတ်စည်းကမ်းနှင့် ကိုက်ညီသည့် အကျဉ်းသား ၆၅၅ ဦး၊ အကျဉ်းသူ ၂၂၆ ဦး စုစုပေါင်း ၈၈၁ ဦးနှင့် နိုင်ငံခြားသား အကျဉ်း သား ၁၀ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၈၉၁ ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီမှ ယာဉ်များဖြင့် နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ကြကြောင်း သိရသည်။ (ပုံ)

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးဦး၊ အင်းစိန် ဗဟိုအကျဉ်းထောင်၊ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလွင်မောင်၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇင်မင်းထိုက် (ပြန်ဆက်)**



# ချစ်ဖူးတယ် ချစ်ဖူးတယ် အိုမလွယ်ဘူး ရှုံးနိုင်တယ်

**အင်ကြင်းခိုင် (ရန်ကုန်တက္ကသိုလ်)**

မြန်မာစာ မြန်မာစကားတွင် "ဖူး" "ဘူး" "ဗူး" ဟူသော စကားသုံးလုံးသည် အသံဆင်သလိုရှိပြီး အသုံးမကွဲ ဖြစ်နေတတ်ပါသည်။ "ဖူး"သည် ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးကြောင်း ထင်ရှားစေလိုသည့်အခါတွင်သုံးပြီး "ဘူး" သည် ငြင်းပယ်သော အနက်ဖြင့် ကြိယာကို ထောက်ကူရာတွင် သုံးရသည်။ "ဘူး" သည် အသီးကိုစားရသော "ဘူးသီး" တွင် ရေးသားရပြီး "ဗူး"သည် ကလေးငယ်များ "ဗူးမှုတ်"သည့်အခါတွင် သာသုံးသည်။

"ဖူး" အဓိပ္ပာယ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် "ဖူးတွေ့"၊ "ဖူးမြော်"၊ "ဖူးရောင်" တို့တွင်သုံးပြီး "ဖူး"ကို ပစ္စည်းအနေဖြင့်သုံးလျှင် "ဖူး "၏အဓိပ္ပာယ်မှာ ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ကြောင်း ထင်ရှားစေသည့်စကားလုံးအနေဖြင့် သုံးသည်ကို တွေ့ရှိရပါသည်။

"ဘူး" အဓိပ္ပာယ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်စာအုပ်တွင် "ဘူးသီး၊ ထည့်စရာဘူး" အနေဖြင့် အသုံးပြုနိုင်ပြီး ပစ္စည်း အနေဖြင့် ငြင်းပယ်သောအနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံးဟု ပြဆိုထားပါသည်။

"ဖူး" နှင့် "ဘူး" တို့၏ အသုံးကို ကွဲကွဲပြားပြား သိစေလို၍ "ဖူး"ကိုကြုံတွေ့ပြီးဖြစ်သောသဘောတွင် အသုံးပြုရပြီး "ဘူး"ကို ငြင်းပယ်သည့်သဘောပြ ပစ္စည်းနှင့်တွဲပြီး အသုံးပြုရပါမည်။

> **❝ ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးသည်ကို သေချာစေလိုသည့်အခါတွင် "ဖူး" ကို သက်ဆိုင်ရာကြိယာ၏နောက်တွင် တွဲပြီးသုံးကြခြင်းဖြစ်သည်။ "ဘူး"မှာ "မ" အငြင်းပြပစ္စည်းနှင့် ငြင်းပယ်အနက်ဖြင့် ကြိယာကို ထောက်ကူသောစကားလုံးဖြစ်ပြီး "မ"သည် "ဘူး" ၏ အနက်ကို ငြင်းပယ်လိုက်ခြင်းကို ပြခြင်းဖြစ် ❞**

"ဖူး"၏ အဓိပ္ပာယ်နှင့် "ဖူး" ၏အခန်းကို သာဓကအနေဖြင့် တင်ပြရလျှင် "စားဖူးသည်၊ သောက်ဖူးသည်၊ သွားဖူးသည်၊ ရောက်ဖူးသည်" စကားလုံးများတွင်ပါသော "ဖူး" သည် ကြုံတွေ့ခဲ့ဖူးသည်မှာ သေချာသည်ဟု ဆိုနိုင်ပါသည်။

"စားဖူးသည်" ဆိုရာတွင် စားသည့်အလုပ်နှင့် ကြုံတွေ့ခဲ့သည်မှာ သေချာသည်ဟု ဆိုလိုရင်းဖြစ်သည်။ "သောက်ဖူးသည်" ဆိုရာတွင်လည်း သောက်သည့်အလုပ်နှင့် ကြုံတွေ့ခဲ့သည်မှာ သေချာသည့် သောက်သည့်အဖြစ်အပျက် သောက်ပြီးသည်မှာ သေချာသည်ဟု ဆိုလိုရင်းဖြစ်သည်။

"သွားဖူးသည်၊ ရောက်ဖူးသည်"တို့သည် သွားခဲ့ပြီးသည်မှာ အမှန်ဖြစ်သည်။ ရောက်ခဲ့ပြီးသည်မှာ အမှန်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ "မြင်ဖူးသည်" "ကြားဖူးသည်" ဆိုသည်မှာ အရင်ကမြင်ခဲ့ပြီးသား၊ အရင်ကြားခဲ့ပြီးသားကို ဆိုလိုရင်းဖြစ်သည်။

သို့ဖြစ်၍ ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးသည်ကို သေချာစေလိုသည့်အခါတွင် "ဖူး" ကို သက်ဆိုင်ရာ ကြိယာ၏နောက်တွင် တွဲပြီးသုံးကြခြင်းဖြစ်သည်။ "ဘူး"မှာ "မ" အငြင်းပြပစ္စည်းနှင့် ငြင်းပယ်အနက်ဖြင့် ကြိယာကို ထောက်ကူသောစကားလုံးဖြစ်ပြီး "မ"သည် "ဘူး" ၏အနက်ကို ငြင်းပယ်လိုက်ခြင်းကို ပြခြင်းဖြစ်သည်။

ထို့ကြောင့် "မစားဘူး၊ မသောက်ဘူး၊ မသွားဘူး၊ မရောက်ဘူး" တို့သည် "မစားတာ၊ မသောက်တာ၊ မသွားတာ၊ မရောက်တာ" မှန်ကန်သေချာ ထင်ရှားသည်ဟု ပြောရမည်ဖြစ်သည်။

တစ်နည်းဆိုရလျှင် "စားတာ၊ သောက်တာ၊ သွားတာ၊ ရောက်တာ၊ မဟုတ်ပါ" ဟု အသေအချာ ပြောဆိုသည့်သဘောဖြစ်သည်။ "မစားဘူး၊ မသောက်ဘူး၊ မသွားဘူး၊ မရောက်ဘူး" ဆိုသည့် စကားများကို "ဘူး" မပါဘဲ "မသွား၊ မလာ၊ မစား၊ မသောက်" ဟုပြောလျှင် မူလအနက်အဓိပ္ပာယ် ပြောင်းလဲသွားခြင်းမရှိပါ။

သို့သော် "မစား" ဟု မပြောဘဲ "မစားဘူး"ဟု ပြောလိုက်၊ ရေးလိုက်သောအခါ စားခြင်းအလိုမရှိ ငြင်းပယ်ပစ္စည်း "မ" ကို "ဘူး"ဖြင့် ထပ်ပြီးရေးလိုက်သောအခါ "မစား" သည့်အနက်မှာ ပိုပြီးသေချာ လေးနက်သွားသည်။

"ဖူး"နှင့် "ဘူး" တို့ ကွာခြားပုံကွဲကွဲပြားပြား သိစေလို၍ ထပ်မံသာဓကပြရသော် "တစ်ခါမျှ မမြင်ဖူးဘူး" "အရင်ကမစားဖူးဘူး" "ဘယ်သူမျှ မရေးဖူးဘူး" ဆိုသည်တွင် "ဖူး"နှင့်"ဘူး"အသုံးမှာ တွေ့ဖူး၊ ကြုံဖူး၊ ကြားမြင်ဖူးဟု ဖဦးထုပ်နှင့် "ဖူး" ပြီး၊ မတွေ့ပါဘူး၊ မမြင်ဘူးဟု ငြင်းလျှင် ဘကုန်းနှင့် "ဘူး" ရမည်ကို မှတ်သားရင်း "ချစ်ဖူးတယ် ချစ်ဖူးတယ် အိုမလွယ်ဘူး ရှုံးနိုင်တယ်" လို့ သီချင်းကို အာရုံပြုရင်း ဒီမှာတင်ရပ်နားလိုက်ပါသည်။ ။

## တံတားမြို့၌ သံဃာတော်အရှင်သူမြတ်များအား နှစ်ဦးဆွမ်းလောင်းလှူပွဲ ကျင်းပ



**ရန်ကုန် ဧပြီ ၁၈**

သန်လျင်ခရိုင်၊ တံတားမြို့တွင် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်၌ နှစ်သစ်ကူးနှစ်ဦးဒါနအဖြစ် သံဃာတော်အရှင်သူမြတ်များအား (၃၇) ကြိမ်မြောက် နှစ်ဦးဆွမ်းလောင်းလှူပွဲကို တံတားမြို့ အမှတ် (၁) ရပ်ကွက်တွင် ကျင်းပသည်။

အဆိုပါ နှစ်ဦးဆွမ်းလောင်းလှူပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပရာ ယခုနှစ်လှူဒါန်းပွဲသည် (၃၇)ကြိမ်မြောက်ရှိပြီဖြစ်ရာ တံတားမြို့ပေါ်ရပ်ကွက်ရှိ ဘုန်းကြီးကျောင်းများနှင့် ကျေးရွာများ အပါအဝင် ဘုန်းကြီးကျောင်း ၁၄ ကျောင်းမှ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ကျောင်းနှစ်ကျောင်းမှ သီလရှင်ဆရာကြီး၊ ဆရာလေးများအား မြို့တွင်းရပ်ကွက်နေ စေတနာရှင် ခုနစ်ရက်သားသမီးများက မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာမပျက် သဒ္ဓါတရားထက်သန်စွာဖြင့် စုပေါင်းကုသိုလ်ဒါနပြု လှူဒါန်းကြကြောင်း သိရသည်။

**ကျော်ဆန်း**

## ပခုက္ကူအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူရှစ်ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြု

**ရန်ကုန် ဧပြီ ၁၈**

၁၃၈၇ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စခန်းအသီးသီးတို့တွင် ပြစ်ဒဏ်ကျခံနေကြသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ ယမန်နေ့က ပခုက္ကူအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူရှစ်ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် ပခုက္ကူအကျဉ်းဦးစီးဌာနမှ တာဝန်ခံအရာရှိ ဦးမောင်ဇော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး နိုင်လင်းဆွေ နှင့် တာဝန်ရှိသူများက လွတ်ငြိမ်းချမ်းသာခွင့်ရအကျဉ်းသားခုနစ်ဦး၊ အကျဉ်းသူတစ်ဦး၊ စုစုပေါင်း ရှစ်ဦးတို့အား ဆုံးမသြဝါဒစကားပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်ငွေများ ပေးအပ်ကာ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**(CN-034)**



# ..................... ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ .....................



ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ် ငန်းစီမံကိန်း (VDP) ဖြင့် ဝါးရန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။

မောင်ခိုင်



မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများကို ဧပြီ ၁၈ ရက်က ခေတ္တခရိုင် ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ဘိုဘို



ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံဘဲ့ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများ အတွက် ငွေကြေးအရင်းအနှီးများရရှိစေရန် ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းငွေများ ထုတ်ချေးခြင်းကို ဧပြီ ၁၈ ရက်က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ဆောင်ရွက်စဉ်။

သော်ဇင်ထူး



သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေလုပ်ငန်းများကို ဧပြီ ၁၈ ရက်က ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ကိုသက်



လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေလုပ်ငန်းများကို ဧပြီ ၁၈ ရက်က နမ့်ကတ်ကျေးရွာနှင့် ပါနော်ကျေးရွာများ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ကာရံ
(ကျေးလက်)



မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းတောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှုကို ဧပြီ ၁၈ ရက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများအဆိုပါကျေးရွာ၌ ကွင်း ဆင်းစစ်ဆေးစဉ်။

ချိုသန်းညွန့်
(ကျေးလက်)

## သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်



**တောင်ကြီး ဧပြီ ၁၈**

အင်းလေးဒေသရှိ ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့်အဖွဲ့သည် ဧပြီ ၁၈ရက်တွင် အင်းလေးဒေသနန်းသဲ/ဆီဆုံရှေ့/နောက်/ရှေ့ဝကြီး/ အိုင်ဒေါင့်ကြီး/ကေလာ/ရွာမအုပ်စုကျေးရွာရှစ်ရွာနှင့်မကျည်းဆိပ်ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်း/ဆောင်ရွက်ဆဲလုပ်ငန်းများစစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

အင်းလေးဒေသ ကျေးရွာ ၂၁ ရွာတွင် စက်ရေတွင်းအသစ်တူးဖော်ခြင်း/စိမ့်စမ်းရေသွယ်လုပ်ငန်း ပြုပြင်ခြင်း/ဆိုလာရေတင်ပန့်များတပ်ဆင်ခြင်း/ရေသန့်စက်များ အသစ်တပ်ဆင်ပေးခြင်း/ပျက်စီးရေသန့်စက်များ ပြုပြင်ခြင်း/ရေပိုက်များနှင့်ရေလှောင်ကန်ပုံးကြီးများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက် ပေးသည်။

**ဟိန်းထက်စိုး(မလှိုင်)**

CITY FM
Radio Station

မြို့တော်အသံလွှင့်ဌာန
၁၈-၄-၂၀၂၅ (သောကြာနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | ၅၂၈ နှလုံးသား |
| ၈:၃၀ | ခံစားတတ်ရင်မင်းအတွက် |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Country Songs |
| ၁၀:၃၀ | ရန်ကုန်စာမျက်နှာ |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | သီလိုရာမေးအားပေးနှစ်သိမ့် |
| ၁၂:၃၀ | International Modern Music |
| ၁:၀၀ | ရင်မှဖြစ်သောချစ်စကား |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | ရန်ကုန်စာမျက်နှာ |
| ၃:၃၀ | Solo Art |
| ၄:၀၀ | Copy Copy Copy |
| ၄:၃၀ | Hip Hop Time |
| ၅:၀၀ | ခံစားတတ်ရင်မင်းအတွက် |
| ၅:၃၀ | Weekly Sport Album |
| ၆:၀၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၆:၃၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၇:၀၀ | ရင်ထဲက ရေဒီယိုသီချင်းများ |
| ၈:၀၀ | သီလိုရာမေးအားပေးနှစ်သိမ့် |
| ၈:၃၀ | Blues Garden |
| ၉:၀၀ | မြန်မာ့ဂန္ထဝင်တေးများ |
| ည ၉ : ၄၅မှ ၁၁:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

CITY FM
Radio Station

မြို့တော်အသံလွှင့်ဌာန
၁၉-၄-၂၀၂၅ (စနေနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | မြို့ရန်ကုန်ရဲ့ ဈေးပွဲတော်များဆီသို့ |
| ၈:၃၀ | Country Songs |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Hidden Playlist |
| ၁၀:၃၀ | Weekly Sport Album |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | နှစ်ပတ်လည်သီချင်းများ |
| ၁၂:၃၀ | Song Title Track |
| ၁:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | မင်္ဂလာဆောင်သီချင်း |
| ၃:၃၀ | Country Songs |
| ၄:၀၀ | ကျန်းမာရေးစကားဝိုင်း |
| ၄:၃၀ | စတိုင်ကျကျ လူမှုဘဝ |
| ၅:၀၀ | Rock Songs |
| ၅:၃၀ | Weekly Sport Album |
| ၆:၀၀ | Hidden Playlist |
| ၆:၃၀ | Duet Songs |
| ၇:၀၀ | မြို့ရန်ကုန်ရဲ့ ဈေးပွဲတော်များဆီသို့ |
| ၇:၂၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | ရုပ်ရှင်ဓာတ်ဝင်တေးများ |
| ၈:၃၀ | Englisg Oldies |
| ၉:၀၀ | ပြန့်လွင့်တေးသံမြန်မာသံ |
| ည၉:၄၅မှည ၁၀:၀၀ထိ | မဟာဂီတသီချင်းများ |
| နောက်တစ်နေ့ နံနက် ၀၆:၀၀ | တစ်နေ့တာအစီအစဉ်များ စတင်ခြင်း |

## မြို့တော်သတင်းစာတွင် ပြည်သူတို့၏ လူမှုဘဝ ကဏ္ဍအစုံစုံတို့ကို ဖော်ပြ၊ ပြန်ကြားပေးမည့် မြို့တော်အသံကဏ္ဍကို ဖွင့်လှစ်ထား

**ရန်ကုန် ဧပြီ ၁၈**

မြို့တော်သတင်းစာအား ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေ့စဉ်ညနေခင်းသတင်းစာအဖြစ် ပြန်လည်ဆန်းသစ် ထုတ်ဝေလျက်ရှိရာ မြို့တော်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုဘဝကဏ္ဍပေါင်းစုံမှ ပြုပြင်ပေးစေလိုသော ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ပြည်သူတို့၏ နစ်နာဆုံးရှုံးမှုများကို ဖော်ပြပေးနိုင်ရန်၊ မျှဝေပေးနိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်း၊ အဖြေရှာ ပြန်ကြားပေးနိုင်ရန်တို့အတွက် မြို့တော်အသံကဏ္ဍကိုဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများကိုလည်း ပူးတွဲပေးပို့နိုင်ပါသည်။ ရေးသားပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကတ်ပြားမိတ္တူနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပေးရန် အသိပေးအပ်ပါသည်။ မြို့တော်သတင်းစာတိုက် ဖုန်း ၀၁ - ၇၅၀၃၆၂၆၊ Fax: 01-7503670၊ yangoncitynews@gmail.com သို့ ပေးပို့နိုင်သည်။

**(မြို့တော်သတင်း)**



# နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီး၌ ကုသိုလ်ပြုသူများပြား

**နတ်မောက် ဧပြီ ၁၈**

နတ်မောက်မြို့နယ်တွင် မြန်မာနှစ်သစ်ကူးနှစ်ဆန်းတစ်ရက်နေ့၌မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ ဘုရားကျောင်းကန်စေတီပုထိုးများ၌ ကုသိုလ်ပြုလုပ်ကြသူ များပြားလျက်ရှိသည်။

နတ်မောက်မြို့၏ အထင်ကရတစ်ခုဖြစ်သည့် ဆုတောင်းပြည့်ဘုရားကြီးတွင် မြန်မာနှစ်သစ်ကူးနှစ်ဆန်းတစ်ရက် နံနက်ပိုင်း၌ ဒေသခံပြည်သူများအပါအဝင် ဘုရားဖူးလာသူများက ဆုတောင်းပြည့်ဘုရားကြီးအားပန်း၊ ရေချမ်း၊ ဖယောင်းတိုင် မီးများ၊ အမွှေးတိုင်များကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီတင်းများ ဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဘုရားဖူးလာသူများအား ကုသိုလ်ရှင်များက မုန့်လုံးရေပေါ်ကျွေး၍ ကုသိုလ်ပြုကြသည်။

နတ်မောက်မြို့နယ်အတွင်းရှိ သမိုင်းဝင် ပင်မြို့ဟောင်း ရှင်အရဟံမဟာဗောဓိရွှေညောင်တော်နှင့်အောင်သပြေညီနောင်တို့တွင်လည်း ဘုရားဖူးပြည်သူများစည်ကားလျက်ရှိသည်။ **လှဝင်း**



# ထန်းတပင်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားနှင့် အသက်(၈၀)နှစ်အထက်သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က တဝရွှေဂူကြီးဘုရား၊ သီရိမင်္ဂလာကန်တော်၊ အမှတ်(၃)ရပ်ကွက် လွမ်းစေတီဘုန်းတော်ကြီးကျောင်းရေကန်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတို့တွင် ကျင်းပသည်။

ရှေးဦးစွာ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို တဝရွှေဂူကြီးဘုရား၊ သီရိမင်္ဂလာကန်တော်နှင့်အမှတ်(၃)ရပ်ကွက် လွမ်းစေတီဘုန်းတော်ကြီးကျောင်း ရေကန်တို့တွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးသားပေါက်များကို ဇီဝိတဒါနအဖြစ်ကန်တော်အတွင်းသို့ လွှတ်ပေးကြသည်။

ထို့နောက် အသက်(၈၀)နှစ်အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်ရှိ အသက်(၈၀)နှစ်အထက်သက်ကြီးဘိုးဘွား ၉၀ ဦးတို့အား ဂါရဝပြုလှူဒါန်းပူဇော်ကန်တော့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ပူတာအိုမြို့၌ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ပူတာအို ဧပြီ ၁၈**

ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ မွန်းလွဲ ၁ နာရီတွင် ဖုန်ကန်ရာဇီခန်းမ၌ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကျင်းပရာ ခေတ္တခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးသိန်းဆွေညွန့်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးသန်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်ကျော်လွင်၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များက "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင်ဆရာတော်ဟိုခိုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်တရားတော်များရွတ်ဖတ်ပူဇော်ကြပြီး ခေတ္တခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများကဆရာတော်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော် ဟိုခိုကျောင်းတိုက် ဆရာတော်က အန္တရာယ်ကင်း အနုမောဒနာ တရားများချီးမြှင့်တော်မူပြီး အခမ်းအနားတက်ရောက်



လာသူများက "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ နံနက် ၁၀ နာရီတွင် တောင်တန်းသာသနာပြုဇဟိုကျောင်းတိုက်၌ ခေတ္တခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး နံနက် ၈ နာရီတွင် ဆရာတော်သံဃာတော်များ၏ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက်များသို့ အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ခြင်းများပြုလုပ်ကြသည်။

**ဖုန်ကန်(ပူတာအို)**

# ကျောင်းကုန်းမြို့၌ အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွား ၅၃ ဦးအား ပူဇော်ကန်တော့



**ကျောင်းကုန်း ဧပြီ ၁၈**

ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အေးချမ်းသာယာခန်းမ၌ အသက်(၉၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသည့် အခါသမယတွင် အသက် (၉၀)နှစ်နှင့်အထက် အဘိုးအဘွားတို့အား ဆုမွန်ကောင်းတောင်းပေးခဲ့ပြီး၊ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။ ထို့နောက် အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပြန်လည် ပို့သသည်။

ကျောင်းကုန်းမြို့နယ် မြို့ပေါ်ရပ်ကွက်များမှ အသက်(၉၀)နှစ်နှင့်အထက် အဘိုးအဘွားများမှာ အမှတ်(၁)ရပ်ကွက်မှ(၁၆)ဦး၊ အမှတ်(၂)ရပ်ကွက်မှ ၂၀ ဦး၊ အမှတ်(၃)ရပ်ကွက်မှ ၁၀ ဦး၊ အမှတ်(၄)ရပ်ကွက်မှ(၇)ဦး စုစုပေါင်း ၅၃ ဦးတို့အား ငွေသားနှင့်လှူဖွယ်ပစ္စည်း ငွေကျပ် တစ်သိန်းစီဖြင့် ၅၃ သိန်းလှူဒါန်းကြသည်။

အဆိုပါသက်ကြီးဘိုးဘွားပူဇော်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

**ဝင်းကြိုင်(ကျောင်းကုန်း)**

# ဖြူးမြို့နယ်၌ နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်း၍ တရားတော်များနာယူ

**ဖြူး ဧပြီ ၁၈**

ဖြူးမြို့နယ်တွင် မြန်မာသက္ကရာဇ်၁၃၈၇ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့၊ ဧပြီ ၁၇ ရက်က ဖြူးမြို့မရဲစခန်းဓမ္မာရုံ၌နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်း၍ နှစ်ဦးတရားတော်များနာယူကြောင်း သိရသည်။

နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်းရာတွင် ဖြူးမြို့ထောင့်ကျောင်းမှ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ဆရာတော်ဦးပညာသာရမှ သီလပေး တရားနှင့်နှစ်ဦးတရားတော်ကိုချီးမြှင့်တော်မူရာတက်ရောက်လာကြသော ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ဖြူးမြို့မရဲစခန်းတို့မှ အရာရှိ အရာခံရဲတပ်ဖွဲ့ဝင်များနှင့်ဒါယကာ ဒါယိကာမများကနာယူ၍ မြို့နယ်သံဃနာယကဆရာတော်အမှူးပြုသော သံဃာတော် ငါးပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# MPT က ကျပ်သိန်း ၁,၀၀၀ ခန့် တန်ဖိုးရှိ အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဧပြီ ၁၈**

မတ် ၂၈ ရက်က မန္တလေးအင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူများနှင့် ဝန်ထမ်းများအား ပံ့ပိုးကူညီရန်အတွက် တတိယအကြိမ်အဖြစ် အခမဲ့အကန့်အသတ်မရှိ Viber အသုံးပြုမှု (စာတိုပေးပို့မှုအတွက်သာ)နှင့် MPT အချင်းချင်း အခမဲ့စာတိုပေးပို့ခွင့် (SMS) အစောင် ၁,၀၀၀ ကို ဧပြီ ၁၂ ရက်မှ ၂၂ ရက်အတွင်း အသုံးပြုနိုင်ရန် ထပ်မံပေးအပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပြန်လည်ထူထောင်ရေးအတွက် စုစုပေါင်း ကျပ် သိန်း၄၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ငွေကြေးထောက်ပံ့မှုများအပါအဝင် လူသုံးကုန်ပစ္စည်းများကို လှူဒါန်းကြောင်း သိရသည်။

အဆိုပါဒေသရှိ ဝန်ထမ်းများအတွက် ကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ ပြည်သူများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများသို့




ကျပ် သိန်း ၂၇၀ ကိုလည်းကောင်း၊ ငလျင်ဘေးသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် စုစုပေါင်း ကျပ်သိန်း ၁၀၀၀ နီးပါးကို ပံ့ပိုးကူညီပေးကြောင်း သိရသည်။ **A.M.H**

မြို့တော်သတင်း The CITY NEWS



# စင်ကာပူအထွေထွေရွေးကောက်ပွဲ မေ ၃ ရက်တွင် ကျင်းပမည်



**စင်ကာပူ ဧပြီ ၁၈**

**စင်ကာပူနိုင်ငံတွင် လာမည့် မေ ၃ ရက်၌ အထွေထွေ ရွေးကောက်ပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**

စင်ကာပူသမ္မတ ထာမန် ရှန်မူဂရတ်နမ် သည် ပြီးခဲ့သည့်ရက်ပိုင်းက ပါလီမန်ကို ဖျက်သိမ်းခဲ့ပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို တရားဝင် စတင်ခဲ့ကာ ဧပြီ ၂၃ ရက်တွင် ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမည်ဟု ဝန်ကြီးချုပ်ရုံး၏ ကြေညာချက်အရ သိရသည်။

ဝန်ကြီးချုပ် လော်ရန့်စ်ဝေါင်းသည် အာဏာရ People's Action ပါတီကို ဦးဆောင်ကာ ရွေးကောက်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။


**(ref:AP)**

# တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရန် သမ္မတ ရှီကျင့်ဖျင် တောင်းဆို

**ကွာလာလမ်ပူ ဧပြီ ၁၈**

**တရုတ်နှင့်အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ရလဒ်များကို ဦးတည်ပြီးဖြစ်ထွန်းမှုများသည့်အတွက် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရန် သမ္မတ ရှီကျင့်ဖျင်(ပုံ)က တောင်းဆိုထားကြောင်း သိရသည်။**

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံသည် မလေးရှားအပါအဝင် အခြားသော အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပထဝီဝင် နိုင်ငံရေးတင်းမာမှု၊ အစားအစာနှင့်ရိက္ခာအရေးကိစ္စများကို ဖြေရှင်းမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် တရုတ်နိုင်ငံသည်အာဆီယံ စည်းလုံးညီညွတ်မှုနှင့်အာဆီယံ အသိုက်အဝန်းတည်ဆောက်ရေးကို အခိုင်အမာထောက်ခံပြီး ဒေသတွင်း အာဆီယံ၏ အချက်အခြာ ကျမှုကိုလည်းထောက်ခံကြောင်း သမ္မတရှီက ပြောသည်။

အလားတူ ၂၀၂၅ ခုနှစ် အာဆီယံ ဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ၏ဆောင်ရွက်မှုကိုလည်း တရုတ်အနေဖြင့် အပြည့်အဝ ထောက်ခံကြောင်း သိရသည်။

**(ref:XinhuaNet)**





# အမေရိကန်-အီရန် ဒုတိယအကြိမ်ဆွေးနွေးပွဲ ရောမမြို့တွင် ပြုလုပ်မည်

**ရောမ ဧပြီ ၁၈**

**အီရန် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး အမေရိကန်နှင့် အီရန် အကြား ဒုတိယအကြိမ် ဆွေးနွေးပွဲကို အီတလီနိုင်ငံ ရောမမြို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါ ဆွေးနွေးပွဲကို လာမည့် ဧပြီ ၁၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ကနဦး အိုမန်နိုင်ငံတွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း နေရာပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်။

ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် သမ္မတထရမ့်၏ အရှေ့အလယ်ပိုင်း သံတမန် Steve Witkoff နှင့် အီရန် အကြီးတန်းအရာရှိများ ပါဝင်ဖွယ် ရှိပြီး အိုမန်နိုင်ငံခြားရေးဝန်ကြီးကလည်း ဆွေးနွေးပွဲကြားခံအဖြစ် ပါဝင်သွားမည်ဟု သိရသည်။

အီရန် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး ပြီးခဲ့သည့် ဧပြီ ၁၂ ရက်က အိုမန်တွင် အမေရိကန်နှင့် အီရန်အကြား ပထမအကြိမ်ဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် Steve Witkoff တို့ တိုက်ရိုက်စကားပြောဆိုခဲ့ကြောင်း သိရသည်။

**(ref:Reuters)**

# အမေရိကန်တွင် လူ ၅၀၀ ကျော် ဝက်သက်ရောဂါကူးစက်




**ဝါရှင်တန် ဧပြီ ၁၈**

**အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် ဧပြီ ၁၇ ရက်အထိ ဝက်သက်ဖြစ်ပွားသူ ၅၆၁ ဦးရှိပြီး ဧပြီ ၁၁ ရက်မှ ၁၇ ရက်အတွင်း ကူးစက်ခံရသူ ၂၀ ဦးအထိ တိုးလာကြောင်း ကျန်းမာရေးဌာနက ထုတ်ပြန်သည်။**

ကလေးသူငယ်များကို ကူးစက်သည့် ဝက်သက်ရောဂါကို တိုက်ဖျက်ရန် ကျန်းမာရေးဝန်ထမ်းများကို တက္ကဆက်ပြည်နယ်သို့ လွှတ်ထားပြီး အိမ်နီးချင်း လက်ဘက်ခ်မြို့နယ်တွင်လည်း ဆေးရုံတင်ထားရသည့် ကလေးနှစ်ဦးရှိကြောင်း ဒေသခံ ပြည်သူ့ကျန်းမာရေးအရာရှိ တစ်ဦးက ပြောသည်။

ကလေးများသည် ခရီးမထွက်နိုင်သည်အထိ အချိန်အတော်ကြာ ရောဂါပျံ့နေပြီဖြစ်ကြောင်း လက်ဘက်ခ် ပြည်သူ့ကျန်းမာရေး ညွှန်ကြား ရေးမှူး ဒေါက်တာ ကက်သရင်းဝဲလ်က ဆိုသည်။

ကပ်ရောဂါဖြစ်ပွားချိန် တက္ကဆက်ပြည်နယ်အတွင်း လူနာ ၅၈ ဦးကို ဆေးရုံ ချက်ချင်းတင်ထားရပြီး ရောဂါအခံမရှိဘဲ ကာကွယ်ဆေးမထိုးရသေးသည့် ကလေး နှစ်ဦးသည် ဝက်သက်ရောဂါဖြင့် သေဆုံးသွားကြောင်း သိရသည်။ **(ref:AFP)**

ရဲခေါင်
စုစည်း
တင်ပြသည်။

# AI စက်ရုပ်ရဲကို ထိုင်း ဆုန်ခရန်ပွဲတော်အတွင်း ပွဲထုတ်

**ဘန်ကောက် ဧပြီ ၁၈**

**ထိုင်းတော်ဝင်ရဲတပ်ဖွဲ့(RTP) သည် ယခုနှစ်ဆုန်ခရန်ပွဲတော်ကာလအတွင်း နာခွန် ပါသွန်ပြည်နယ်တွင် ဖြန့်ကျက်အသုံး ပြုခဲ့သည့် နိုင်ငံ၏ ပထမဆုံး AI စက်ရုပ် ရဲခဓာတ်ပုံများ(ပုံ)ကို ဧပြီ ၁၇ ရက်တွင် လူမှုကွန်ရက်၌ မျှဝေထားကြောင်း သိရသည်။**

အများပြည်သူလုံခြုံရေး မြှင့်တင်ပေးရန်အတွက် မြောင်ခရိုင် Tonson လမ်းပေါ်ရှိ ဆုန်ခရန်ကျင်းပရာနေရာတွင် “Pol Col Nakhonpathom Plod Phai” (လုံခြုံဘေးကင်းသည်) ဟု အမိဝှာယ်ရသော စက်ရုပ်ရဲကို ချထားခဲ့ကြောင်း RTP က ၎င်းတို့၏ လူမှုကွန်ရက်တွင် ရေးသားထားသည်။

AI Police Cyborg 1.0 ဟု အမည်ပေးထားသော စက်ရုပ်သည် ၃၆၀ ဒီဂရီ AI ကင်မရာများတပ်ဆင်ထားသော Robocop ပုံစံ စက်ရုပ် ရဲအရာရှိဖြစ်ပြီး ၎င်းကို အမှတ် ၇ တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ နာခွန်ပါသွန်ပြည်နယ်ရဲတပ်ဖွဲ့နှင့် နာခွန်ပါသွန် မြူနီစီပယ်တို့က ပူးပေါင်းဖန်တီးထားခြင်းဖြစ်သည်။



ယင်းစက်ရုပ်ရဲသည် ပွဲရေိယာအတွင်းနှင့် အနီးတစ်ဝိုက်ရှိ CCTV ကင်မရာများ၏ တိုက်ရိုက်ရိုက်ကူးမှုများနှင့် ဒရုန်းစောင့်ကြည့် ရိုက်ကူးမှုများကို ပိုင်းခြားစိတ်ဖြာနိုင်သည့် စွမ်းဆောင်ရည်ရှိပြီး အများပြည်သူဆိုင်ရာ ပွဲအခမ်းအနားများအတွင်း အများပြည်သူလုံခြုံဘေးကင်းမှုကို ထိရောက်စွာ စီမံခန့်ခွဲရန်အတွက် ပြည်နယ် ထိန်းချုပ်ရေးစင်တာများနှင့် တိုက်ရိုက်ချိတ်ဆက်ထားကြောင်း သိရသည်။

**(ref:Bangkok Post)**




# လင်ကြမ်းမယားကြမ်း မြန်မာရုပ်သံဇာတ်လမ်းတွဲပြသ

**ရန်ကုန် မေ ၁၈**

ခွန်သာချိုရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးက ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာခွန်သာချိုရိုက်ကူးသော “လင်ကြမ်းမယားကြမ်း” မြန်မာရုပ်သံဇာတ်လမ်းတွဲကို မေ တတိယပတ်မှစတင်၍ Shwe Stream Application တွင် ပြသလျက်ရှိသည်။

အဆိုပါဇာတ်ကားတွင် ခွန်သာချို၊ အာကာမြင့်အောင်၊ အကယ်ဒမီခင်မို့မို့အေး၊ အိမ့်ခြူးပွင့်၊ ညိုမီ၊ အိန္ဒြာချမ်းမြေ့နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

**KKYS**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နှစ်သစ်မင်္ဂလာဆွမ်းကျွေး ပရိတ်တရားနာနှင့် နှစ်ဦးအလှူပြုလုပ်

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ နှစ်သစ်မင်္ဂလာဆွမ်းကျွေးပရိတ်တရားနာခြင်းနှင့်နှစ်ဦးအလှူကို မေ ၁၇ ရက်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့်အဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ် ငါးပါးကို ဆွမ်းဆက်ကပ်လှူဒါန်းပြီး အန္တရာယ်ကင်းပရိတ်တရားတော်များနာကြားကြကြောင်း သိရသည်။

**KKYS**

# ဥသြဖုက်တဲ့တန်ခူး မြန်မာရုပ်သံဇာတ်လမ်းတွဲ ပြသ

**ရန်ကုန် မေ ၁၈**

Duwonထုတ်လုပ်ရေးကဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာခေတ်ရှေးညိုရိုက်ကူးသော “ဥသြဖုက်တဲ့တန်ခူး” မြန်မာရုပ်သံဇာတ်လမ်းတွဲကို မေ တတိယပတ်မှစတင်၍ bebee TV နှင့် YouTube Channel တို့တွင် ပြသလျက်ရှိသည်။




အပိုင်း ၁၂ ပိုင်း ပါဝင်သော အဆိုပါဇာတ်ကားတွင်ဘုန်းရှိန်ခန့်၊ ဇော်ရှိုင်းထက်၊ ဗီတာမင်၊ ခြူးစစ်ဟန်၊ ခန့်အုပ်စိုး၊ ဟိန်းသစ်ဈာန်၊ ဈာန်ထူး၊ အောင်မျိုးသန့်၊ သီရိမြတ်သွယ်၊မြတ်လဲ့လဲ့ကို၊ ယမင်းအိအိဇော်၊ဟိန်းဇေနှင့်အနုပညာရှင်များစွာပါဝင်သရုပ်ဆောင်ထားသည်။

**KKYS**



# ရိုးမားအသင်း နည်းပြသစ်အဖြစ် တန်ဟက်ဂ်ခန့်အပ်ခံရရန် နီးစပ်

**မေ ၁၈**

ရိုးမားအသင်း လက်ရှိနည်းပြရာနီရေးရီက မန်ယူနည်းပြဟောင်းတန်ဟက်ဂ်သည် ရိုးမားနည်းပြအဖြစ် ခန့်အပ်ခံရရန် နီးစပ်နေပြီး မကြာမီကြေညာဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

ဝါရင့်အီတလီနည်းပြ ရာနီရေးရီသည် ရာသီကုန်အထိသာ ရိုးမားအသင်းနည်းပြအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး နွေရာသီမှစ၍ အသင်း၏ အကြံပေးအဖြစ် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ရိုးမားအသင်းသည် လာမည့်ရာသီအတွက် နည်းပြသစ်ခန့်အပ်ရန် ရှာဖွေလျက်ရှိရာ မန်ယူနည်းပြဟောင်းတန်ဟက်ဂ်ကို ခန့်အပ်နိုင်ရန် အလွန်နီးစပ်သည့်အခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

''တန်ဟက်ဂ်ရိုးမားနည်းပြဖြစ်လာဖို့ တကယ်နီးစပ်နေပါပြီ။ ကျွန်တော်သူ့ကိုမသိသလို၊ သူနဲ့လည်းမဆုံဖူးပါဘူး။ ဒါပေမယ့် နည်းပြကောင်းတစ်ယောက်ရောက်လာမယ်ဆိုတာ အခိုင်အမာ ယုံကြည်ပါတယ်''ဟု ရာနီရေးရီက ပြောကြားခဲ့သည်။

**သူရိန်**



# ဟန်ဆီဖလစ်ခ်ကိုသက်တမ်းတိုးရန် ဘာစီလိုနာအသင်း စတင်ဆွေးနွေး

**မေ ၁၈**

ဘာစီလိုနာအသင်းသည် ဂျာမန်နည်းပြဟန်ဆီဖလစ်ခ်ကိုသက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ဟန်ဆီဖလစ်ခ်ကို ပြီးခဲ့သည့် နွေရာသီတွင် ခေါ်ယူပြီး၂၀၂၆ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဟန်ဆီဖလစ်ခ်သည် လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းကို ဖလားသုံးလုံးလမ်းကြောင်းပေါ် ပို့ဆောင်ပေးထားသည့်အတွက် အသင်းတာဝန်ရှိသူများက ၎င်းအားသက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဟန်ဆီဖလစ်ခ်၏ အေးဂျင့်ဖြစ်သူဇဟာဗီနှင့် ဆွေးနွေးမှုများပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**သူရိန်**

# ဂွန်ဒိုဂန်ကိုခေါ်ယူရန် ဂါလာတာစာရေး အသင်းစီစဉ်

**မေ ၁၈**

တူရကီကလပ်ဂါလာတာစာရေးအသင်းသည် မန်စီးတီးဝါရင့်ကွင်းလယ်ကစားသမားဂွန်ဒိုဂန်အား ခေါ်ယူရန်စီစဉ်နေကြောင်းသိရသည်။

အသက် ၃၄နှစ်အရွယ်ရှိ ဂွန်ဒိုဂန်သည် ယခုရာသီကုန်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

၎င်းသည် မန်စီးတီးအသင်းနှင့် တစ်နှစ်သက်တမ်းတိုးရန် အလိုရှိနေသော်လည်းအသင်းဘက်က လက်ရှိအချိန်ထိ ကမ်းလှမ်းမှုမရှိသေးကြောင်းသိရသည်။

ဂါလာတာစာရေးအသင်းသည် လက်ရှိတွင်ဂွန်ဒိုဂန်၏ အခြေအနေကို စောင့်ကြည့်နေပြီး အကြိုသဘောတူစာချုပ်ချုပ်ဆိုရန် စီစဉ်နေခြင်းဖြစ်သည်။

ဂွါဒီယိုလာကမူဂွန်ဒိုဂန်ကိုအသင်းတွင် ဆက်ရှိနေစေလိုကြောင်း ပြောကြားထားသည်။

**သူရိန်**




အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ကန်တော့ပွဲကျင်းပ

**ဟိုပုံး၊ ဧပြီ ၁၈**

ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသအဆင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက သီရိမင်္ဂလာဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တက်ရောက်လာသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ခင်မော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး၊ အမျိုးသမီးရေးရာအဖွဲ့နာယက၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဟိုပုံးမြို့ပေါ်ရပ်ကွက်ခြောက်ခုအတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွား မြို့ဦးကွက်သစ်ရပ်ကွက် ၉၊ ၂၁၊ တုံခမ်းရပ်ကွက်မှ ၂၊ အနောက်ရပ်ကွက်မှ ၁၀၊ အရှေ့ရပ်ကွက် ၂၊ တောင်ရပ်ကွက် ၃၄၊ စုစုပေါင်း သက်ကြီးဘိုးဘွား ၇၈ ဦးတို့အတွက် တစ်ဦးလျှင် ကန်တော့ငွေ ၈၀၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၂ ဒသမ ၄ သိန်းအား သက်ကြီးဘိုးဘွားများ လက်ဝယ်သို့ အသီးသီးကန်တော့ပြီး သက်ကြီးဘိုးဘွားတစ်ဦးက ဆုတောင်းမေတ္တာပို့သစကား ပြန်လည်ပြောကြားသည်။



**ပအိုဝ်းဒေသ (ပြန်/ဆက်)**



# မြသလွန်စေတီတော်တွင် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

**မကွေး၊ ဧပြီ ၁၈**

မကွေးမြို့ ကျက်သရေဆောင် မြသလွန်စေတီတော်တွင် နှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းက ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ (ပုံ)

မကွေးမြို့ မြသလွန်စေတီတော်တွင် နေ့ထူးနေ့မြတ်များနှင့် ရုံးရက်ရှည်ပိတ်ရက်များတွင် ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ ပြည်သူများကဦးခိုက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ အန္တရာယ်ကင်း ရတနသုတ်နှင့် ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင်ရှိ နေ့နံဘုရားတွင် ရေသပ္ပာယ်၍ ကုသိုလ်ကောင်းမှုပြုခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းတို့ဖြင့် နှစ်သစ်ဆုတောင်းမေတ္တာပို့ အမျှအတန်းများ ပေးဝေကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# သက်ကြီးဘိုးဘွား ၇၈၁ ဦးအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်၊ ဧပြီ ၁၈**

လှည်းကူးခရိုင်အတွင်းရှိ သက်ကြီးဘိုးဘွား ၇၈၁ ဦးအား ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များဖြင့် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က သက်ကြီး ပူဇော်ကန်တော့ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Uni-Win leather Myanmar Co.ltd တာဝန်ရှိသူတစ်ဦးက လှူဒါန်းရခြင်းကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် သက်ကြီးဘိုးဘွားတစ်ဦးလျှင် ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို တာဝန်ရှိသူများက တစ်ဦးချင်း လိုက်လံပေးအပ်လှူဒါန်းကြပြီး သက်ကြီးဘိုးဘွားများ ကိုယ်စား ကန်တော့ခံ ဘိုးဘွားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




အခမ်းအနားတွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက အချိုရည်များကိုလည်း ပါဝင်လှူဒါန်းကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနှစ်ဆန်း တစ်ရက် အိမ်မဲချောင်းအတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**အိမ်မဲ၊ ဧပြီ ၁၈**

အိမ်မဲမြို့နယ် သမိုင်းဝင်ရှင်ပင်ချမ်းသာကြီးဘုရားရှေ့ ကရဝိက်ဖောင်တော်ရင်ပြင်တွင် ယမန်နေ့က ဇီဝိတဒါန ငါးလွှတ်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတာဝန်ရှိသူများက အိမ်မဲချောင်းအတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀ ကို ဇီဝိတဒါန အဖြစ်လွှတ်ပေးကြသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပြည်မြို့၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်




**ရန်ကုန်၊ ဧပြီ ၁၈**

၁၃၈၇ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းနှင့်သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း စသည့် ကုသိုလ်ကောင်းမှုများကိုစုပေါင်းပြုလုပ်ကြသည်။

ရှေးဦးစွာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် မြို့တွင်းလှည့်လည်၍ မေတ္တာသုတ်စသော အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ် မေတ္တာပို့သပေးကြသည်။

ယင်းနောက် ကမ်းနားလမ်းဆိပ်ခံဖောတံတားအနီး ဧရာဝတီမြစ်ကမ်းစပ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ငါးဖမ်းမ စုစုပေါင်း ငါးကောင်ရေတစ်သိန်းခွဲကို ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနဘေးမဲ့ လွှတ်ပေးကြသည်။ ဆက်လက်၍ သရေခေတ္တရာ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်**




တို့အိမ်၊ တို့လမ်း၊ တို့နေထိုင်ရာ
အမြဲသန့်ရှင်းစေရေး ပူးပေါင်းမနေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# တာမွေမြို့နယ်၌ မြို့နယ်လုံးကျွတ် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် အသက်(၉၀)နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကျင်းပသော ၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ မြို့နယ်လုံးကျွတ် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ် ပူဇော်ပွဲနှင့်အသက်(၉၀)နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၈ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် အဝေရာလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ်အတွင်းရှိ ဆရာတော်သံဃာတော်များက မြို့နယ်အတွင်း ဘေးဥပဒ်အန္တရာယ်ရန်အသွယ်သွယ်အပေါင်း ကင်းဝေးစေရေးအတွက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး မြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ဆက်လက်ကျင်းပရာအခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆို၍ စတင်ဖွင့်လှစ်သည်။

ဆက်လက်၍ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အသက်(၉၀)နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက မြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့် အထက် အဘိုးအဘွားများအား ရှိခိုးကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံအဘိုးအဘွားများက ဆုတောင်းစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက မြို့နယ်အတွင်းရှိ အသက် (၉၀) နှစ်နှင့်အထက်အဘိုး လေးဦးနှင့်အဘွား ခုနစ်ဦး စုစုပေါင်း အဘိုးအဘွား ၁၁ ဦးတို့အား ကန်တော့ခံပစ္စည်းများအသီးသီး ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းဝင်များ၊ ကန်တော့ခံ အဘိုးအဘွားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# မြန်မာ့ရိုးရာနှစ်သစ်ကူးနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ ဒလမြို့နယ်တွင် ကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ဒလမြို့နယ်၌ ယမန်နေ့က ညောင်ကုန်းရပ်ကွက်ရှိ ဆုတောင်းပြည့်မဟာသကြ်န်ဘုရားကြီးရေကန်၌ ကျင်းပသည်။

ဇီဝိတဒါနငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၅၀၀၀ အား ဆုတောင်းပြည့်မဟာသကြ်န်ဘုရားကြီး ရေကန်အတွင်းသို့ လွှတ်ပေးကြသည်။**(ပုံ)**

ဆက်လက်၍ နံနက်စနာရီခွဲတွင် ကုသိုလ်ဒါနအဖြစ် ဒလမြို့ပေါ် (၂၄)ရပ်ကွက်မှ အသက်(၈၅)နှစ်နှင့်အထက်အဘိုး ၂၁ ဦး၊ အဘွား၂၉ ဦး စုစုပေါင်း သက်ကြီးဘိုးဘွား ၅၀ ဦးတို့အား ပူဇော်ကန်တော့ပွဲကို သီရိဇေယျနေဝ်ရထာခန်းမတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးစိုင်းအောင်မြတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက သက်ကြီးဘိုးဘွားများအား လက်အုပ်ချီမိုးကန်တော့ကြပြီး အလှူငွေများ၊ ဆေးဝါး(၁၈)မျိုးနှင့်ကန်တော့ခံ ပစ္စည်းများကို လှူဒါန်းကြသည်။ ဘိုးဘွား တစ်ဦးလျှင်ပစ္စည်းတန်ဖိုးငွေကျပ်၂၉၀၀၀၊ ငွေသား ၈၅၀၀၀ကျပ်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀ ရှိပြီး၊ ဘိုးဘွား ၅၀ ဦးအတွက် တန်ဖိုးငွေကျပ် ၅၇ သိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ကန်တော့ခံအဘိုးအဘွားများ ကိုယ်စားအဘိုးတစ်ဦးမှ နှစ်သစ်ကူးမင်္ဂလာဆုတောင်းစကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**





# မိုင်းယောင်းမြို့၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

**မိုင်းယောင်း ဧပြီ ၁၈**

မိုင်းယောင်းမြို့နယ်၌သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ယမန်နေ့က ကျင်းပသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ တတိယအကြိမ်သက်ကြီးပူဇော်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယမန်နေ့က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စေတနာရှင်အလှူရှင်များကအသက် ၈၅ နှင့်အထက် သက်ကြီးဘိုးဘွား ၃၁ ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် ဇီဝိတဒါနငါးလွှတ်ပွဲကို အမှတ်(၈)ရပ်ကွက် နောင်ခမ်းရေကန်၌ ကျင်းပရာ တီလားဗီးယားငါး သားပေါက်ကောင်ရေ ၃၀၀ ကို ဇီဝိတဒါနကုသိုလ်အဖြစ် နောင်ခမ်းရေကန်အတွင်း လွှတ်ပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာမွေမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်အဖြစ် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ



**ရန်ကုန် ဧပြီ ၁၈**

တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ စီစဉ်ကျင်းပသော၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်အဖြစ် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက်ရှိ မြင်းဆေးကန်၌ ကျင်းပသည်။

အဆိုပါဇီဝိတဒါနငါးလွှတ်ပွဲ၌ တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝင်းကအဖွင့်အမှာစကား ပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်အဖြစ် တာမွေမြို့နယ် မာန်အောင်ရပ်ကွက်ရှိ မြင်းဆေးကန်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသောင်းကျော်အား ဘေးမဲ့လွှတ်၍ ကုသိုလ်ယူကြသည်။

အခမ်းအနားသို့ သဃ်န်းကျွန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးမင်းကိုကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိပြည်သူများ တက်ရောက်ကြသည်။

**ထက်တံခွန်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ် ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**လှည်းကူး ဧပြီ ၁၈**

လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာအုပ်စု ငမိုးရိပ်ဆည်တွင် မြန်မာတို့၏ နှစ်သစ်ကူးကုသိုလ်တော် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ယမန်နေ့က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများဖြင့် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ငါးကောင်ရေ ၉၀၀၀ ကို ငမိုးရိပ်ဆည်အတွင်း ဘေးမဲ့လွှတ်ပေးသည်။

ထို့နောက် ခရိုင်အဆင့်ဌာနဆိုင်ရာများက နှစ်သစ်ကူးဆုမွန်ကောင်းတောင်းခြင်းများ ပြုလုပ်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးမှူး၍ တတိယအကြိမ်သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ တတိယအကြိမ်နှစ်ဦးသက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အဆင့် အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ခရိုင်အတွင်းရှိ မြို့နယ်များက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဗိုလ်တထောင်ခရိုင်အတွင်းရှိ မြို့နယ်များက သက်ကြီးဘိုးဘွားများတက်ရောက်ကြသည်။

အခမ်းအနားတွင် ကန်တော့ခံအသက် (၉၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၈၀ ဦးအား တစ်ဦးလျှင်ငွေကျပ် ခြောက်သောင်းနှင့် ဂါဝရပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး အဘိုးဦးအောင်စိန်နှင့်အဘွားဒေါ်ထားရီတို့က နှစ်သစ်ဆုတောင်းစကားများ ပြောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့တော်ဝန် ဦးဗိုလ်ဌေး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တွင် ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် "၂၀၂၅ ချန်ဒူး နိုင်ငံတကာ ချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ" သို့ တက်ရောက်ပြီး စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့မွန်းလွဲ ၂ နာရီက ပြန်လည်ရောက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ရန်ကုန်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်း- ခတ်ပုံ ကျော်သူထက်**

**မြို့တော်ဝန် ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**



## ကြက်ဥများ ဈေးနှုန်းချိုသာစွာရောင်းချ

**ရန်ကုန် ဧပြီ ၁၈**

တာမွေမြို့နယ်၊ ဘယသုဒ္ဓိလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ လမ်းကျယ်လမ်း၊ မအူကုန်းရပ်ကွက်တို့တွင် ဧပြီ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ပြည်သူများသို့ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးဝန်ထမ်းများက ရောင်းချပေးလျက်ရှိသည်။ **(ပုံ)**

**မြို့တော်သတင်း**



## ဗိုလ်တထောင်မြို့နယ်တွင် ဈေးနှုန်းချိုသာစွာဖြင့် ကြက်ဥများ ရောင်းချ

**ရန်ကုန် ဧပြီ ၁၈**

ဗိုလ်တထောင်မြို့နယ်တွင် ဧပြီ ၁၈ ရက် နံနက်ပိုင်းက ရာဇဓိရာဇ်လမ်း (သံလျက်စွန်းလမ်းထိပ်)၊ မဟာဗန္ဓုလလမ်း (၅၁ လမ်းထိပ်)၊ ကုန်သည်လမ်း (ဘိုကလေးဈေးရှေ့) နှင့် ကုန်သည်လမ်း (၅၄ လမ်းထိပ်) တို့၌ ရပ်ကွက်ပြည်သူများအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများက ကြည်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။ **(ပုံ)**

**မြို့တော်သတင်း**



## ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် ကြက်ဥများ ဈေးနှုန်းချိုသာစွာရောင်းချ

**ရန်ကုန် ဧပြီ ၁၈**

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် ဧပြီ ၁၈ ရက်နံနက်ပိုင်းမှစတင်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများက (၈) ရပ်ကွက်၊ ဗိုလ်ဇော်ဂျီလမ်းနှင့် ကံ့ကော်လမ်းထောင့် (အမှတ်-၂ ဈေးအနီး) နှင့် (၅) ရပ်ကွက်၊ ယောမင်းကြီးလမ်းတို့၌ ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် လူတစ်ဦး ၁၀ လုံး ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။ **(ပုံ)**

**မြို့တော်သတင်း**



## ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ကြက်ဥများ ဈေးနှုန်းချိုသာစွာဖြင့် နေ့စဉ်ရောင်းချ

**ရန်ကုန် ဧပြီ ၁၈**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ပြည်သူများ အသွားအလာများသော ဈေးများ၊ လမ်းဆုံလမ်းထောင့်တို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအဖွဲ့တို့မှ အနီးကပ်ကြီးကြပ်၍ ဝန်ထမ်းများက (၁၀၆) ရပ်ကွက်၊ ကေတုမတီလမ်း၊ ကေတုမတီဈေးတွင် ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဧပြီ ၁၈ ရက် နံနက် ၇ နာရီမှစ၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။**(ပုံ)** **သန်းသန်းအေး**